

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1, 2014.

# ပြန်လှည့်ကြည့်ခြင်း ၂၀၁၃

၂၀၁၃ ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ်အဖြစ် ဆီးဂိမ်းရွှေတံဆိပ်ဆုရမြန်မာအားကစားသမားများနှင့် အမျိုးသမီးဘောလုံးအသင်းကို ပူးတွဲရွေးချယ်လိုက်ပါသည်။



7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014



# ရုန်းကန်နေရဆဲ စီးပွားရေး

ပြည့်၊ သိမ့်၊ မိုး၊ အိ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

“ဝင်ငွေနည်းတော့ မသုံးနိုင်ဘဲ စီးပွားရေးတစ်ခုလုံး ငွေကြေးကျပ်တည်းနေတယ်”ဟု ၂၀၁၃ ခုနှစ် ပြည်တွင်းစီးပွားရေး အခြေအနေနှင့် ပတ်သက်၍ လုပ်ငန်းများစွာလုပ်ကိုင်နေသော ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ယခုနှစ်အတွင်းတိုင်းပြည်စီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့် ကုန်သွယ်ရေးတွင် လိုငွေပြနေခြင်း၊ အလုပ်အကိုင်များစွာ ဖန်တီးပေးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာလည်းလက်တွေ့ကျကျအကောင်အထည်ဖော်မှုမရှိသည့် အခါ အလုပ်အကိုင်နှင့် ဝင်ငွေမြင့်တက်မှုမရှိသေးကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)တိုးတက်မှုမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိသော်လည်း ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်အစီရင်ခံစာအရ ငွေကြေးဖောင်းပွမှုမှာ ၇ ရာခိုင်နှုန်းရှိနေပြန်သည်။ တစ်နိုင်ငံလုံး၏ ထုတ်ကုန်တန်ဖိုးမြင့်တက်လာသော်လည်း တစ်ဦးချင်းဝင်ငွေမြင့်တက်မှသာ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးပြီး ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမည်ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က သုံးသပ်သည်။

“တိုင်းပြည်စီးပွားရေး အဆောက်အအုံပြင်ဖို့ကိုလိုလာပြီ။ ဂျီဒီပီတက်ရင် တစ်ဦးကျဝင်ငွေတက်ဖို့လိုတယ်”ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

တိုင်းပြည်၏ စီးပွားရေးကို ခြုံငုံသုံးသပ်ပါက ကုန်ထုတ်လုပ်ငန်းရှင်များတိုးတက်မှုထက် ထုတ်ယူသုံးစွဲနိုင်သော သယံဇာတများပေါ်ကိုသာ အစိုးရက မှီခိုနေရဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများသုံးသပ်သည်။

“နေရာတိုင်းမှာ ပြုပြင်ပြောင်းလဲဖို့ ဒီစီမံချက်တွေချတဲ့ အနေအထားပဲ ရှိသေးတယ်။ ပြောင်းလဲတဲ့အနေအထားမရှိသေးဘူး”ဟုစီးပွားရေးပညာရှင်ဦးဇော်ဖေဝင်းကပြောသည်။

ကုန်ထုတ်လုပ်ငန်းရှင်များ အဓိကတိုးတက်လာရခြင်းမရှိသည့် အကြောင်းရင်းမှာ တိုင်းပြည်၌ သိသာသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမဝင်လာသေးခြင်း၊ အခြေခံအဆောက်အအုံလုံလောက်မှုမရှိသေးခြင်း၊ လျှပ်စစ်မီးလုံလောက်စွာ မရရှိသေးခြင်း၊စီးပွားရေးနှင့် သက်ဆိုင်သော ဥပဒေစည်းမျဉ်းများ လွှတ်တော်က ထုတ်ပြန်ပေးရန် နှောင့်နှေးကြန့်ကြာမှုများကြောင့် ဖြစ်သည်ဟု ကုန်သည်စက်မှုအသင်းချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

သို့သော်အစိုးရ၏ ထုတ်ပြန်ချက်များအရ နိုင်ငံရပ်ခြားစက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုအများဆုံးဝင်သည့် နှစ်အဖြစ် စံချိန်တင်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးကပြောသည်။ ရင်းနှီးမြှုပ်နှံမှုများဝင်လာသော်လည်း ပြဿနာမှာ အလုပ်လက်မဲ့ အရေအတွက် လျော့ကျမသွားခြင်းပင်။

ကုန်သွယ်ရေးတွင်လူအများအတွက်အကျိုးရှိမည့်လုပ်ငန်းများထက် နိုင်ငံတော် စီးပွားရေးဖြစ်သည့် သဘာဝဓာတ်ငွေ့ကိုသာ ပြည်ပသို့ ပိုမိုတင်ပို့နိုင်သည်။ သို့သော်ကုန်သွယ်ရေးတွင် သွင်းကုန်ပမာဏမှာ ပို့ကုန်ထက် တစ်ဘီလီယံကျော်ပိုများနေပြီး ကုန်သွယ်ရေးလိုငွေပြသည်။

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသာ ပြည်သူများပါဝင်လုပ်ကိုင်နေသည့် လယ်ယာကဏ္ဍတွင် ပြည်ပသို့ ဆန်တင်ပို့မှုမှာ ယခုနှစ်၌ တန်ချိန်သုံးသိန်းကျော်လျော့နည်းပြီး ပဲမျိုးစုံပြည်ပတင်ပို့မှုမှာ တန်ချိန် နှစ်သိန်းသုံးသောင်းလျော့နည်းခဲ့ရသည်။ ဆန်တင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဒီဇင်ဘာလလယ်ထိပြည်ပတင်ပို့မှုမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင်ကန်ဒေါ်လာသန်း ၁၄၀ လျော့နည်းခဲ့ပြီး ပဲမျိုးစုံမှ ၄၁သန်းကျော် လျော့နည်းသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

အဓိက ပို့ကုန်ဖြစ်သော ကျောက်စိမ်းပြည်ပသို့ တင်ပို့မှုမှ ၂၀၁၃ ခုနှစ်အတွင်း ကန်ဒေါ်လာသန်း ၇၀၀ ကျော်ဝင်ငွေပိုမိုခဲ့ပြီး သဘာဝဓာတ်ငွေ့မှလည်း တရုတ်နိုင်ငံသို့တင်ပို့မည့် ပိုက်လိုင်းကြီးပြီးစီးသွားသည့်အတွက် ယခင်နှစ်များထက်များစွာ ပိုမိုတင်ပို့နိုင်ခဲ့သည်။ သို့သော်အစိုးရက ကိန်းဂဏန်းကို တိတိကျကျထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ပြီးခဲ့သည့်နှစ်က နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအဓိကလက်တွန့်ခဲ့သည့် ပြည်တွင်း အိမ်ခြံမြေဈေးနှုန်းမြင့်တက်နေမှုကို အစိုးရက အောက်တိုဘာလတွင် အခွန်ဖြင့် ထိန်းချုပ်ရန်ကြိုးစားလာခဲ့သော်လည်း အရောင်းအဝယ်မှာနည်းပါးသွားပြီး ဈေးနှုန်းမှာမူ တက်ဈေးဖြင့်တန့်နေသည်။

ယခုနှစ်အတွင်း နိုင်ငံတွင်းမြေလွတ်မြေရိုင်းအချို့ကို စီးပွားရေးလုပ်ငန်းရှင်များအပေါ် လက်လွှဲရောင်းချမှု အများဆုံးဖြစ်ခဲ့သောနှစ်တစ်နှစ်လည်းဖြစ်သည်။

“ဆောက်လုပ်ရေးလုပ်ငန်းတွေ တစ်နှစ်လုံးစာကြည့်ရင် ပြန်ကောင်းလာတယ်။ လုပ်ငန်းတွေ ပိုလုပ်လာရတယ်။ ငွေတော့မလည်ဘူး”ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးကဆိုသည်။

အသိသာဆုံး ပြောင်းလဲမှုဖြစ်သည့် ကားဈေးကွက်တွင် ရန်ကုန်မြို့၌ ကမ္ဘာကျော်ကားကုမ္ပဏီအများစုအရောင်းပြခန်းလာရောက်ဖွင့်လှစ်မှုများခဲ့ပြီး ပြည်တွင်းကားလုပ်ငန်းရှင်များအတွက် စိုးရိမ်တကြီးသတိရှိလာရသည့် နှစ်တစ်နှစ်လည်းဖြစ်ခဲ့ရသည်။

“ဒီနှစ်ကားလုပ်ငန်းရှင်တွေအတွက် ဘာမှန်းမသိတဲ့ မူဝါဒကိုမျှော်နေရတဲ့ နှစ်တစ်နှစ်ပဲ”ဟု ရောင်နီဦးကားအရောင်းဆိုင်ပိုင်ရှင်ကပြောသည်။

ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးကျဆင်းမှုများခြင်းကြောင့် ခန့်မှန်းထားသည်ထက်ဈေးများစွာ ကျဆင်းသွားခဲ့သောနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၁၉၀ ဒေါ်လာထိ ကျဆင်းခဲ့၍ ပြည်တွင်းတွင် အခေါက်ရွှေဈေးနှုန်းသည် ငါးနှစ်အတွင်းအနိမ့်ဆုံးဈေးဖြစ်သည့် တစ်ကျပ်သားလျှင် ၆၅၄,၀၀၀ ကျပ်ထိ ကျဆင်းသွားခဲ့ ၍ ရွှေလုပ်ငန်းတွင် ရင်းနှီးမြှုပ်မှုများသော နှစ်လည်းဖြစ်ခဲ့သည်။

ခရီးသွားလုပ်ငန်းမှာ ၂၀၁၃ ခုနှစ်တွင် မျှော်မှန်းသော ခရီးသွားဦးရေနှစ်သန်းကို ယခုဆောင်းပါးရေးသားချိန် ဒီဇင်ဘာ ၂၈ ရက်၌ ပြည့်လုပြည့်ခင်ရှိနေပြီဖြစ်သည်။

“ထစ်ငေါ့၊ ထစ်ငေါ့ပဲ။ မနှစ်က စံချိန်ကို မီသွားတယ်”ဟု ဂန္ထဝင်ရွှေပုဂံခရီးသွားကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကဆိုသည်။

ယခုနှစ်အတွင်း ဘဏ္ဍာရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့် ဆက်သွယ်ရေးလုပ်ဆောင်လာနိုင်မှုမှာ သိသာစွာတိုးတက်လာခဲ့ပြီး နိုင်ငံတကာဝန်ဆောင်မှုများဖြစ်သည့် အွန်လိုင်းဘဏ်စနစ်၊ ကတ်များဖြင့်ထုတ်ပေးသည့်စနစ်များကို စတင်နိုင်ပြီဖြစ်ကြောင်း ရောဟသ်ာကုမ္ပဏီအုပ်စုမှ ဒါရိုက်တာဦးရဲမင်းအောင်က သူ၏အမြင်ကိုပြောသည်။

တစ်နှစ်လုံးကို ခြုံငုံကြည့်ပါက စီးပွားရေးအသိုင်းအဝိုင်းတစ်ခုလုံးတွင် ကုန်သွယ်မှုပိုင်းထက် ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေပိုင်းများ၌ ဦးမော့လာသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း စီးပွားရေးပညာရှင်ဦးလှမောင်ကသုံးသပ်သည်။

“သိသာတဲ့ ဝင်ငွေတိုးမလာသေးဘူး။ တစ်နှစ်လုံးမှာ စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းပေမယ့် ပြည်သူအပေါ် ထိရောက်တဲ့ ဝင်ငွေတော့ တိုးမလာသေးဘူး” ဟု အထက်ပါပညာရှင်က ဆိုသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စီးပွားရေးနှင့်ပတ်သက်ပြီး သူ၏ အစိုးရလက်ကျန်သက်တမ်းကာလအတွင်း ပြည်သူများ၏ စားဝတ်နေရေးအခြေခံလိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်ရန် အစိုးရအဖွဲ့အား တိုက်တွန်းပြောကြားထားသည်။

သမ္မတက ဆက်လက်ပြီး ပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုစီးပွားရေးလိုအပ်ချက်ဖြစ်သော လျှပ်စစ်မီး၊သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းပြောကြားထားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်းမြန်မာနိုင်ငံကို အခွန်အထူးသက်သာခွင့်အား ယခုနှစ်ဇွန်လက စတင် ခံစားခွင့်ပြုခဲ့သည်။ တိုင်းပြည်စီးပွားရေးအတွက် အရေးပါသည့် ကမ္ဘာ့စီးပွားရေးညီလာခံကိုလည်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဗဟိုဘဏ်ကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ သီးခြားခွဲထုတ်ပြီး လွတ်လပ်စွာ ရပ်တည်ခွင့်ပြုခဲ့သည်။ သို့သော်ဗဟိုဘဏ်၏ လုပ်ဆောင်ချက်များမှာ ယခုအချိန်ထိ ထူးခြားမှုမရှိသေးပေ။

ယခုနှစ်အတွင်း ပြည်တွင်း၌ လွှတ်တော်နိုင်ငံရေးများ၊ ပြည်တွင်းအကြမ်းဖက်ပဋိပက္ခများကို အချိန်ပေးဖြေရှင်းနေရသည့်အတွက် အစိုးရနှင့် လွှတ်တော်က စီးပွားရေးဖွံ့ဖြိုးမှုကို လုပ်ဆောင်ရန် အာရုံမပြုနိုင်ခဲ့ကြောင်း စီးပွားရေးပညာရှင်အချို့က သုံးသပ်သည်။

လာမည့် ၂၀၁၄ ခုနှစ်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကုန်သည်စက်မှုအသင်းချုပ်ဒုဥက္ကဋ္ဌဒေါက်တာ မောင်မောင်လေးက “ဗျူရိုကရေစီယန္တရားကြီး ပျောက်ဖို့လိုနေပြီ”ဟု မှတ်ချက်ပြုပြောကြားသည်။

**၆.၅**

၂၀၁၂–၂၀၁၃ တွင်
မြန်မာနိုင်ငံ၏ စီးပွားရေးသည်
၆ဒသမ၅ရာခိုင်နှုန်း
တိုးတက်ခဲ့သည်ဟု ကမ္ဘာ့ဘဏ်က
ပထမဆုံးအကြိမ် ထုတ်ဝေသည့်
မြန်မာ့စီးပွားရေး
စောင့်ကြည့်အစီရင်ခံစာတွင်
ဖော်ပြထားသည်

7DAY NEWS
Vol.12, No.43 • JANUARY 1 , 2014





ဓာတ်ပုံ-ဖေသောင်းအောင်(ဆင်ဟွာ)

# မြန်မာကို ကိုင်လှုပ်ခဲ့သော ဖြစ်ရပ် (၁၀)

## ဆီးဂိမ်းအောင်မြင်စွာ ကျင်းပခြင်း

နှစ်ပေါင်း ၄၄ နှစ် အကြာမှ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သော အရှေ့တောင်အာရှ၏အကြီးကျယ်ဆုံး အားကစားပြိုင်ပွဲဖြစ်သည့် ဆီးဂိမ်းပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်ကို ဗဟိုပြု၍ ရန်ကုန်၊ မန္တလေး၊ ငွေဆောင်စသည့်နေရာများတွင် ဒီဇင်ဘာ ၄ ရက်မှ နောက်ဆုံးနေ့ ဒီဇင်ဘာ ၂၂ ရက်အထိအောင်မြင်စွာ ပြုလုပ်ကျင်းပနိုင်ခဲ့သောကြောင့် မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်။ ဆီးဂိမ်းဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုင်ငံတကာအဆင့်မီနည်းပညာဖြင့် ဒေသတွင်းနိုင်ငံများ၏ မီဒီယာများရှေ့တွင် အံ့သြသွားအောင် ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် နည်းပညာပေါင်းစပ်တင်ပြနိုင်ခဲ့သည်။

အားကစားရေးရာကျွမ်းကျင်သူများနှင့် ပြည်သူများကမျှော်လင့်ချက်များစွာ မထားသည့်ကြားမှ ရွှေဆု ၈၆ အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၂၀၀ ကျော်ဖြင့် ဆုတံဆိပ် ဒုတိယအများဆုံးရရှိသော နိုင်ငံအဖြစ်ရပ်တည်နိုင်ခဲ့သည်။ အားကစားဝန်ကြီးဌာနက ရွှေတံဆိပ်ဆု ၁၀၀ ရရန် မျှော်မှန်းပြီး ၈၆ ခု ရရှိကာရည်မှန်းချက်မပြည့်မီခဲ့သော်လည်း ထိုရပ်တည်မှုက ပြည်သူများကိုပျော်ရွှင်စေခဲ့သည်။

ထိုဆုတံဆိပ်ရရှိမှုတွင်ရော၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်မှုတွင်ပါ အများစုမျှော်မှန်းထားသည်ထက် ပိုမိုရရှိအောင် စွမ်းဆောင်ပြခဲ့ပြီး ကမ္ဘာကိုမြန်မာပြန်လာတော့မည်ဟု အချက်ပြနိုင်သည်။

## ဗုံးရက်သတ္တပတ်

၂၀၁၃ အောက်တိုဘာ ၉ မှ ၂၀ ရက်အတွင်း နိုင်ငံတစ်ဝန်းဗုံး ၁၁ နေရာပေါက်ကွဲပြီး မပေါက်ကွဲသေးသော ဗုံးများကို လေးနေရာတွင်တွေ့ရှိခဲ့သည်။ အောက်တိုဘာ ၉ ရက်တွင်ဖြူးမြို့စာကြည့်တိုက်ရှေ့ရှိ ခရီးသည်တင်ယာဉ်ပေါ်၌ ဗုံးတွေ့ရှိခဲ့ပြီး အောက်တိုဘာ ၁၁ ရက် တောင်ငူမြို့ချမ်းမြေ့တည်းခိုခန်း၌ ဗုံးပေါက်ကွဲမှုစကာ ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်၊ စစ်ကိုင်းမြို့ဆွမ်းဦးပုညရှင်ဝင်းအ အပါအဝင် ၁၂ ရက်အတွင်းဗုံး ၁၁ နေရာပေါက်ကွဲပြီးတစ်နိုင်ငံလုံးထိတ်လန့်ခဲ့ကြသည်။

ရန်ကုန်တစ်မြို့လုံးလုံခြုံရေးတိုးမြှင့်ထားစဉ်မှာပင် ကြယ်ငါးပွင့်ဟိုတယ်ဖြစ်သော ကုန်သည်ကြီးများဟိုတယ်ဗုံးပေါက်ကွဲမှု၌ အမေရိကန်နိုင်ငံသူတစ်ဦးဒဏ်ရာရရှိခဲ့သည်။ ထိုရက်ပိုင်းအတွင်း ဆက်တိုက်ဖြစ်ပွားရာ စစ်ကိုင်းမြို့၌အောက်တိုဘာ ၁၅ ရက်တွင် ရွှေပြည်စုံဟိုတယ်စားသောက်ဆိုင်နှင့် ဆွမ်းဦးပုညရှင်အဝင်လမ်းတို့၌ ပေါက်ကွဲခဲ့သည်။ အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အတွင်း နမ့်ခမ်းမြို့၌ ဗုံးလေးကြိမ်ပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့သည်။ ထို့အပြင်မပေါက်ကွဲသေးသော ဗုံးများကိုလည်း လေးနေရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားခဲ့ရသေးသည်။ ထိုပေါက်ကွဲမှုများကြောင့် သုံးဦးသေဆုံးကာကိုးဦးဒဏ်ရာရရှိခဲ့သည်။



ဓာတ်ပုံ-နစ်ကီ

## ပြည်ပ အတိုက်အခံများနှင့်တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များ ရန်ကုန်သို့ အများဆုံးလာ

၂၀၁၃ ခုနှစ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များ အစိုးရနှင့်တွေ့ဆုံဆွေးနွေးရန်အတွက်ပြည်တွင်းသို့ အများဆုံးလာရောက်သော နှစ်တစ်နှစ်ဖြစ်သည်။

၂၀၁၁ ခုနှစ်မှ စတင်ကာ အစိုးရစစ်တပ်နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သော ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၏ စစ်ခေါင်းဆောင်တစ်ဦးအနေဖြင့် ဒုတိယစစ်ဦးစီးချုပ်ဗိုလ်ချုပ်ဂွန်မော်သည် ပထမဆုံးပြည်တွင်းခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ မြစ်ကြီးနားမှလေကြောင်းဖြင့် နိုဝင်ဘာ ၁၇ ရက် ညပိုင်းကလာရောက်ခဲ့သည်။

ထို့အတူ ရှမ်းပြည်တပ်မတော် RCSS/SSA ဥက္ကဋ္ဌဒုဗိုလ်ချုပ်ကြီးယွက်စစ်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် သမ္မတဦးသိန်းစိန်နှင့် ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးရန် နေပြည်တော်သို့ ဇွန်လ ၉ ရက် ညနေပိုင်းက လာရောက်ခဲ့ကြသည်။

နှစ်ပေါင်းသုံး ဆယ်ကျော်အတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ပြန်လည် ရောက်ရှိလာသော ခရီးစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ (UNFC)၏ ထိပ်ပိုင်းခေါင်းဆောင်သုံးဦးနှင့် အဖွဲ့ဝင်နှစ်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည်လေ့လာရေးခရီးအဖြစ် နိုဝင်ဘာ ၂၃ ရက် ညနေတွင် ရန်ကုန်မြို့ကို ရောက်ရှိလာသည်။

UNFC ဒုတိယဥက္ကဋ္ဌ (၁) အေဘယ်တွိဒ်၊ ဒုတိယဥက္ကဋ္ဌ (၂) ဖဒိုဒေးဗစ်သာကပေါ၊ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာနှင့် အခြားကိုယ်စားလှယ်နှစ်ဦးတို့လိုက်ပါလာပြီး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့သည်။

အစိုးရနှင့် ၂၀၁၁ ခုနှစ်နိုဝင်ဘာအတွင်းကအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားသော ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)ခေါင်းဆောင် ဗိုလ်ချုပ်စောလားပွယ်(ခ)ဗိုလ်နှုတ်ခမ်းမွေးသည် လည်း ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ဆေးရုံတစ်ရုံ၌ ဒီဇင်ဘာလ တတိယပတ်အတွင်းက ဆေးကုသမှုခံယူခဲ့သည်။

## ပုဂ္ဂလိကသတင်းစာများပြန်လည်ထုတ်ခွင့်ရ

စစ်အစိုးရလက်ထက်တစ်လျှောက်လုံး နှစ်ပေါင်းငါးဆယ်နီးပါး ထုတ်ဝေခွင့်မရရှိခဲ့သောပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများကို သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် စတင်ထုတ်ဝေခွင့်ပြုသည်။ ဧပြီ၁ရက်တွင် The Voice၊ ပြည်ထောင်စုနေ့စဉ်၊ စံတော်ချိန်နှင့် ရွှေနိုင်ငံစသည့် သတင်းစာလေးမျိုး စတင်ထွက်ရှိခဲ့ပြီး တစ်လခန့်အကြာတွင် ဂျာနယ်ဈေးကွက်၌ အောင်မြင်မှုရရှိထားသော 7 Day Dialy,The Daily Eleven၊ ရန်ကုန်တိုင်းမ်စသည့် သတင်းစာများဆက်တိုက်ထွက်ရှိလာသည်။ သတင်းတင်ဆက်မှုနှင့် အပြင်အဆင်ပိုင်းတွင် စံနှုန်းပြည့်မီသော်လည်း သတင်းစာတိုက်အများစုမှာ အခြေခံစက်ပစ္စည်း၊ အဆောက်အအုံမပြည့်စုံမှု၊ အစိုးရဌာနအချို့၌ သတင်းရယူရန်ခက်ခဲမှု၊ ငွေကြေးအရင်းအနှီးမတောင့်တင်းမှုနှင့်လူသားအရင်းအမြစ် ရှားပါးမှုတို့အပြင် နိုင်ငံပိုင်သတင်းစာနှစ်စောင်က အစိုးရနှင့်နီးစပ်သည့်သတင်းများကို လက်ဝါးကြီးအုပ်ထုတ်ပြန်မှုများရှိနေဆဲဖြစ်၍ ပုဂ္ဂလိက နေ့စဉ်သတင်းစာများ ရေရှည်ရပ်တည်ရန်အခက်အခဲများစွာကြုံတွေ့နေရဆဲဖြစ်သည်။ အရှုံးကိုတောင့်မခံနိုင်၍ ထုတ်ဝေမှုရပ်ဆိုင်းသွားသည့် သတင်းစာအချို့ရှိခဲ့ပြီး သတင်းစာထုတ်ဝေလိုက်ခြင်းကြောင့် စာဖတ်သူအခိုင်အမာရရှိထားသောဂျာနယ်ကို ရပ်တန့်လိုက်သည့် ထုတ်ဝေသူများမှာလည်း မှန်းချက်နှင့်နှမ်းထွက် မကိုက်သည့်အတွက် မိမိတို့ဂျာနယ်ကို ပြန်လည်ထုတ်ဝေခဲ့ရသည်။ လက်ရှိအချိန်တွင် အစိုးရက ထုတ်ဝေခွင့်ပြုထားသောသတင်းစာပေါင်း ၂၆ စောင်ရှိပြီး ဈေးကွက်တွင် ကိုးစောင်ခန့်သာ ထုတ်ဝေလျက်ရှိသည်။

## အကြမ်းဖက်မှု အများဆုံးဖြစ်သော နှစ်

မိတ္ထီလာတွင် မတ်လ ၂၀ ရက်နံနက်က ဈေးရောင်းဈေးဝယ် ပြဿနာမှစတင်သောပဋိပက္ခသည် သုံးရက်တိုင် နေ့ရော ညပါ မီးရှို့သတ်ဖြတ်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

မတ်လ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် မိတ္ထီလာမြို့ နယူးဝိန့်စိန်ရွှေဆိုင်သို့ ပြွန်ကောက်ကျေးရွာမှ မြေအဘိုးသုံးဦး ရွှေဆံညှပ်လာရောင်းရာ ရောင်းမှား၊ဝယ်မှားဖြစ်ကာ အချင်းများပြီး ဆိုင်မှ လူများက ရွှေရောင်းသူကို ရိုက်နှက်ခဲ့ကြသည်။ ထိုသတင်းကိုကြားပြီး အခြားဘာသာဝင်များက ရိုက်နှက်သည်ဆိုကာ မကျေနပ်ဘဲ ဒေါသထွက်နေသော မြို့ခံအချို့က ရွှေဆိုင်တန်းကို ဖျက်ဆီးခဲ့သည်။ ထို့နောက် အကြမ်းဖက်မှုများ စတင်ဖြစ်ပွားပြီး ထိုနေ့ညနေပိုင်းတွင် ဟံဇားကျေးရွာမှ ဈေးဝယ်ထွက်လာသော ဆရာတော်ကို အစ္စလာမ်ဘာသာဝင်အချို့ကအကြမ်းဖက် မီးရှို့သတ်ဖြတ်ရာမှတစ်ဆင့် ဘာသာရေး၊ လူမျိုးရေးအသွင်ဆောင်သည့် မိတ္ထီလာအကြမ်းဖက်မှု မီးအဟုန်ပြင်းပြင်း တောက်လောင်တော့သည်။

ထို့ကြောင့် မိတ္ထီလာမြို့နှင့် အနီးတစ်ဝိုက်ရှိ မြို့များသို့ပါ ကူးစက်လာခဲ့ပြီး ညမထွက်ရ အမိန့်များ ထုတ်ပြန်သည်။ မတ်လ ၂၃ ရက် နံနက် ၁၁ နာရီအချိန်မှသာ စစ်တပ်မှဝင်ရောက်ထိန်းသိမ်းနိုင်ခဲ့သည်။ ပဋိပက္ခဖြစ်စဉ် လေးရက်အတွင်း လူလေးဆယ်ကျော် သေဆုံးကာ၊ နေအိမ် ၁၅၀၀ ကျော် မီးလောင်ခဲ့ပြီး လူဦးရေတစ်သောင်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်။

မိတ္ထီလာပဋိပက္ခနှင့်စပ်ဆက်ပြီး မတ်လ ၂၄ ရက်မှ ၂၉ ရက်အတွင်း၌ ပဲခူးတိုင်းဒေသအတွင်းရှိ မြို့နယ်ရှစ်ခုတွင် လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှုများဖြစ်ပွားကာ လူနေအိမ်၊ ဈေးဆိုင်နှင့် ဘာသာရေးအဆောက်အအုံတစ်ရာကျော် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ထို့နောက် ဧပြီ ၃၀ ရက်တွင် ဥက္ကံမြို့၌ ဆွမ်းခံကြွလာသော ကိုရင်နှင့် ဘာသာခြား အမျိုးသမီးတစ်ဦး တိုက်ရာမှစတင်ကာ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး လူနေအိမ် ၁၃၀ ကျော်မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ဥက္ကံပဋိပက္ခဖြစ်ပွားခဲ့ပြန်သည်။

မေလတွင် လားရှိုးမြို့၌ အလားတူပဋိပက္ခထပ်မံဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ အဆောက်အအုံ ၅၀ ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ ထို့အပြင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင်လည်းလူမျိုးရေး၊ ဘာသာရေး အကြမ်းဖက်မှုဖြစ်ပွား၍ လူငါးဦးသေဆုံးကာ လူပေါင်းများစွာ ဒဏ်ရာရခဲ့သည်။ အကြမ်းဖက်မှုဖြစ်စဉ်တိုင်းတွင် မဖြစ်ပွားမီ အမုန်းတရား ပြင်းထန်အောင်လှုံ့ဆော်မှုများ ရှိခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ မြို့ပေါင်း ၁၄ မြို့၌ ဘာသာရေး အသွင်ဆောင်သည့် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ထိုပဋိပက္ခများကြောင့်လူ ၅၀ခန့်ကျော်သေဆုံးကာ လူနေအိမ်နှင့်အဆောက်အအုံစုစုပေါင်း နှစ်ထောင်ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အကြမ်းဖက်မှုမီးများမှာ ပြည်တွင်း၌ မငြိမ်းသေးဘဲ မလေးရှားတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာများကို ဘင်္ဂါလီအပါအဝင် အခြားသူများကအကြမ်းဖက်ခဲ့၍ လူ ၁၅ဦးသေဆုံးခဲ့သည်။

7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

အချပ်ပို-၃ မှ

## မြန်မာကို ကိုင်လှုပ်ခဲ့သော ဖြစ်ရပ် (၁၀)




## မယ်စကြဝဠာပြိုင်ပွဲသို့ ၅၂နှစ်အတွင်း ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်

ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် နိုဝင်ဘာ ၉ရက်က ကျင်းပပြုလုပ်ခဲ့သော (၆၁)ကြိမ်မြောက်မယ်စကြဝဠာပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်က နှစ်ပေါင်း ၅၂ နှစ်အကြာတွင် ပထမဆုံးအကြိမ် ပြန်လည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၈၆နိုင်ငံမှ အလှမယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်းများစွာအကြာတွင်ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာကိုယ်စားပြုအလှမယ်ကို နိုင်ငံတကာမီဒီယာများကအလေးထားဖော်ပြပေးခဲ့ကာ ဆုတံဆိပ်တစ်ခုခုရရှိရန် ထင်ကြေးပေးခံရသော်လည်း ဆုမရရှိခဲ့ပေ။ ယခုအကြိမ်သည် မြန်မာနိုင်ငံအနေဖြင့် မယ်စကြဝဠာပြိုင်ပွဲတွင် စတုတ္ထအကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၁၉၆၀ ပြည့်နှစ်၌ ပြုလုပ်ခဲ့သော မယ်စကြဝဠာပြိုင်ပွဲတွင်သာ ဆုတစ်ဆုရရှိခဲ့ဖူးသည်။

## ပတ်ဆောင်ဟွာ အလွဲနှင့် မြန်မာရေတိမ်နစ်ခြင်း

ဆီးဂိမ်းပြိုင်ပွဲဝင်မြန်မာအမျိုးသားဘောလုံးအသင်းနှင့် နည်းပြချုပ် ပတ်ဆောင်ဟွာတို့သည်လည်း ၂၀၁၃ တွင် လူအများမထင်မှတ်သည်များကို လုပ်ပြခဲ့သည်။

၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပခွင့်ရချိန်တွင် အသင်းကို ချန်ပီယံအဖြစ် မျှော်မှန်းထားသော ပရိသတ်များ အံ့အားသင့်ခဲ့သည်မှာ ကစားသမားများနှင့် နည်းပြတို့၏ စွမ်းဆောင်ရည်ကြောင့် မဟုတ်ပါ။ သူတို့၏ မယုံနိုင်စရာ အလွဲများကြောင့် ဖြစ်သည်။

အိမ်ရှင်ပရိသတ်ရှေ့တွင် ကမ္ဘောဒီးယားနှင့် အရှေ့တီမောကို ဂိုးပြတ်သွင်းအောင်ပွဲခံခဲ့ပြီး မဟာပြိုင်ဘက် ထိုင်းထံမှ နှစ် ၃၀ အတွင်း သရေတစ်မှတ်ရယူနိုင်ခဲ့သည့်မြန်မာသည် အကြိုဗိုလ်လုပွဲတက်ရန် အကောင်းဆုံးအခွင့်အရေး ရခဲ့သည်။ ကြိုတင်သဘောတူထားသည့် ဂိုးကွာခြားချက်ဖြင့် မဟုတ်ဘဲ ထိပ်တိုက်တွေ့ဆုံမှု ရလဒ်ဖြင့်သာ ဆုံးဖြတ်မည့် စည်းမျဉ်းအရ နောက်ဆုံးပွဲစဉ်တွင် အင်ဒိုနီးရှားကို အနည်းဆုံး သရေကစားလျှင် အုပ်စုအဆင့်က လွတ်သည်။

မြန်မာအသင်းပွဲစဉ်တစ်လျှောက်ရနေသည့် ခြေစွမ်းအရ အင်ဒိုကိုမနိုင်စရာအကြောင်းမရှိဟု ဘောလုံးနည်းစနစ် ကျွမ်းကျင်သူများနှင့် ပရိသတ်များက ယုံကြည်ခဲ့ကြသည်။

တကယ်ကစားအခါ အရန်ကစားသမား အများစုပါသည့်မြန်မာက အင်ဒိုကိုပထမပိုင်း ၃၆မိနစ်ကတည်းက ပေးလိုက်ရသည့် ဂိုးကြောင့်လက်မှတ်တစ်စောင်လေးသောင်းနီးပါးအထိ ပေးဝယ်ခဲ့ရသည့် သုဝဏ္ဏကွင်းထဲရှိ ပရိသတ်သုံးသောင်းကျော်နှင့် ရုပ်မြင်သံကြားရှေ့မှသန်းနှင့် ချီသည့် ပြည်သူများ အသည်းကွဲတော့သည်။ သို့သော် ကိုရီးယား နည်းပြကြီးကတော့ အေးအေးဆေးဆေးပင်။

ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြခဲ့သည့် မြန်မာကစားသမားများ၏ အင်ဒိုနီးရှားနှင့် ပွဲခြေစွမ်းမှာ ညံ့ဖျင်းလွန်းသောကြောင့် ပရိသတ်များ စိတ်ပျက်ခဲ့ရသည်။

ပရိသတ်များသည့်ထက်ပိုစိတ်ပျက်ရသည်မှာ နည်းပြပတ်ဆောင်ဟွာ၏ ဆင်ခြေကြောင့် ဖြစ်သည်။

ပွဲအပြီးတွင် အင်ဒိုကစားသမားများ ပျော်ရွှင်နေခဲ့ပြီး မြန်မာကစားသမားများ ငိုကြွေးသည်ကို နားမလည်အောင် ဖြစ်ခဲ့ရပြီး ထိုအချိန်ကျမှ ပြိုင်ပွဲစည်းမျဉ်းကို သိရှိခြင်းဖြစ်ကြောင်း ပတ်ဆောင်ဟွာက ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ပြိုင်ပွဲစည်းမျဉ်းကို နည်းပြကြီးသိချိန်တွင်တော့ အရာရာနောက်ကျသွားပြီ ဖြစ်သည်။

အိမ်ရှင်အားသာချက်၊ ပရိသတ်အင်အား၊ အကောင်းဆုံးကစားသမားစုဖွဲ့မှု ပုံစံများဖြင့် ရွှေတံဆိပ်မှန်းထားသည့် မြန်မာအသင်းသည် စည်းမျဉ်းမသိသောကြောင့် ပြိုင်ပွဲမှ စောစောစီးစီး ထွက်ခွာခဲ့ရသည့် အဆိုပါဖြစ်စဉ်သည်လည်း ၂၀၁၃ အတွင်း လူစိတ်ဝင်စားမှုအများဆုံးထဲမှ တစ်ခုဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဘောလုံးလောကတွင် ရှားရှားပါးပါး အလွဲတစ်ခုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

## ၉၆၉ နှင့် မျိုးစောင့်ဥပဒေ

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဘာသာရေးလှုပ်ရှားမှုတစ်ခု သိသိသာသာထွက်ပေါ်လာသည်။ အစ္စလာမ်ဘာသာဝင်များနှင့်ဖြစ်ပွားခဲ့သော ပဋိပက္ခများကို အခြေခံ၍ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည့်လှုပ်ရှားမှုတစ်ရပ် အဖြစ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးကိုအခြေခံသည် ဟုဆိုသော ၉၆၉ လှုပ်ရှားသူအဖွဲ့များ ပေါ်ပေါက်ခဲ့သည်။ ပြည်တွင်းပြည်ပရှိ ဗုဒ္ဓဘာသာသံဃာတော်အချို့ကလည်း အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအတွက် မျိုးစောင့်ဥပဒေပြဋ္ဌာန်းရန် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ခဲ့ကြသည်။ အဆိုပါ ၉၆၉ လှုပ်ရှားသူများနှင့်ပတ်သက်၍ ကမ္ဘာ့မီဒီယာစာမျက်နှာများတွင် အစွန်းရောက်လှုပ်ရှားမှုဟု ရေးသားဖော်ပြမှုခံခဲ့ရသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ၉၆၉ သည် သံဃမဟာနာယကအဖွဲ့၏ စည်းမျဉ်းဥပဒေများနှင့် မညီဟုပြောကြားခဲ့သည်။ ဘာသာရေးအစွန်းရောက်သည့် ရန်လိုမုန်းတီးမှုများကိုဆန့်ကျင်တိုက်ဖျက်သွားရန်နှင့်ဘာသာရေးပဋိပက္ခများကြီးထွားအောင်၊ မတည်မငြိမ်ဖြစ်အောင်လုပ်ဆောင်သူများကိုဆန့်ကျင်မှုများပြုလုပ်ရမည်ဟုနိုင်ငံတော်အစိုးရကသတင်းထုတ်ပြန်ခဲ့သည်။

**၇/၈**

မြန်မာနိုင်ငံ၏ နိုင်ငံခြားသုံးငွေစာရင်းတွင် ၂၀၁၃ အောက်တိုဘာ ၂၉ ရက်ထိ ရွှေတန်ချိန် ခုနစ်တန်ကျော်နှင့်နိုင်ငံခြားသုံးငွေပမာဏ ဒေါ်လာ ရှစ်ဘီလီယံကျော်ရှိကြောင်းအစိုးရက ပထမဆုံးအကြိမ်ထုတ်ဖော်ကြေညာသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရှစ်လေးလုံး ငွေရတုအခမ်းအနား တရားဝင်ကျင်းပ

တစ်ပါတီအာဏာရှင်စနစ်ကို ဆန့်ကျင်သော လူထုတောင်းဆိုမှု အရေးတော်ပုံစတင်ခဲ့သည့် ရှစ်လေးလုံး အရေးတော်ပုံ၏(၂၅)နှစ်မြောက် အခမ်းအနားကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပနိုင်ခဲ့သည်။

ယင်းအခမ်းအနားကို ယခင်အစိုးရအဆက်ဆက် လက်ထက်က လုံးဝကျင်းပနိုင်ခြင်းမရှိဘဲ ယခုအစိုးရလက်ထက်တွင်မှ ပထမဆုံးအကြိမ် တရားဝင် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကာ အထိမ်းအမှတ် အခမ်းအနားသို့ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရက်တစ်အင်အားစုများ၊ တိုင်းရင်းသားခေါင်းဆောင်များပါ ပါဝင်တက်ရောက်ခဲ့ကြသည်။

ရှစ်လေးလုံးငွေရတု အခမ်းအနား၌ ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များကပါဝင်ဆွေးနွေးခဲ့ကြကာ သဘောတူညီချက်များ ချမှတ်နိုင်ခဲ့သည်။



## ဆယ်စုနှစ် နှစ်စုနီးပါးအတွင်း ရန်ကုန်တက္ကသိုလ်ပထမအကြိမ်ပြန်ဖွင့်

ပညာရေးလောကတွင် အထူးခြားဆုံးဖြစ်စဉ်အဖြစ် ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူလက်ခံသင်ကြားမှုကို နှစ် ၂၀ နီးပါးရပ်ဆိုင်းထားသော ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ကို ဒီဇင်ဘာ ၅ ရက်၌ ပြန်လည်ဖွင့်လှစ်၍ အဆောင်နေထိုင်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှု အများဆုံးရရှိထားသော တက္ကသိုလ်နှစ်ခုကို အဆင့်မြင့်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များအဖြစ် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ထားသူများကို ဦးစားပေးရွေးချယ်တက်ရောက်ခွင့်ပြုလိုက်သည်။

**၅၇**

ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်နေသော ကမ္ဘာ့နိုင်ငံပေါင်း ၅၈ နိုင်ငံ၏ သယံဇာတအရင်းအမြစ်စီမံခန့်ခွဲမှုများကို လေ့လာရာတွင် မြန်မာနိုင်ငံသည် အဆင့်၅၇ တွင်ရှိပြီး သယံဇာတအရင်းအမြစ်စီမံခန့်ခွဲမှုညံ့ဖျင်းနေကြောင်း အမေရိကန်နိုင်ငံ Revenue Watch Institute က ၂၀၁၃မေလ ၁၇ ရက်တွင်ထုတ်ပြန်သည်။



*ကမ္ဘာကပင် တုန်လှုပ်ချောက်ချားသွားသည့် မိတ္ထီလာအကြမ်းဖက်မှု ဖြစ်ပွားနေစဉ် မြို့တစ်နေရာကို တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# သွေးစွန်းခဲ့သော နေ့ရက်များ

■ ထွန်းခိုင်၊ ငြိမ်းချမ်း

သာမန်ရာဇဝတ်မှုများသည် အုပ်စုလိုက် တိုက်ခိုက်မှုများ၊ မုန်းတီးမှုများအဖြစ် အသွင်ပြောင်းသွားပြီး ၂၀၁၃ ၏ ရက်စွဲအချို့မှာ သွေးစွန်းသောနေ့များအဖြစ် သမိုင်းဝင်ခဲ့ပြီဖြစ်သည်။

၂၀၁၃ တွင် ပဋိပက္ခဖြစ်ပွားမှုမှာအနည်းဆုံးအကြိမ် ၂၀ ခန့်ရှိပြီး လူ ၁၄၀ ထက်မနည်းလည်း သေကျေဒဏ်ရာရခဲ့ကြသည်။

မတ်လ ၂၀ရက်တွင်မိတ္ထီလာမြို့၌ ရွှေအရောင်းအဝယ်တစ်ခုပြုလုပ်ရာမှ လူ ၄၀ကျော်သေဆုံးစေပြီး နောင်တွင် ပဋိပက္ခများ၏ အစဖြစ်လာမည်ဆိုသည်ကို ထိုအချိန်မတိုင်မီအထိ မည်သူမျှ သတိမထားမိခဲ့ပါ။ သို့သော်ကံမကောင်း အကြောင်းမလှစွာ ထိုရွှေအရောင်းအဝယ်မှ စသည့်ပြဿနာသည် စီးပွားရေးကောင်းမွန်ပြီး သာယာသည့်မိတ္ထီလာကို မြို့ပျက်တစ်ခုအသွင်ပြောင်းလဲစေခဲ့သည်။ ပြဿနာဖြစ်ပွားခဲ့သည့် ရွှေဆိုင်ကိုလာရောက်ဖျက်ဆီးသောလူအုပ်ကို လုံခြုံရေးအရာရှိများက လူစုကွဲအောင် မစွမ်းဆောင်နိုင်ခဲ့။

တစ်ချိန်တည်းနီးပါးတွင်ပင် သံဃာတော်တစ်ပါး မီးရှို့သတ်ဖြတ်ခံခဲ့ရသည်။ ထိုသတင်းတစ်မြို့လုံးကို အချိန်အနည်းငယ်အတွင်းပျံ့နှံ့သွားပြီး ဒေါသထွက်နေသောလူအုပ်အတွက် အပြင်းထန်ဆုံးပေါက်ကွဲစေသည့်အရာတစ်ခုဖြစ်ပွားခဲ့သည်။ အနီးအနားဒေသများမှ လူအများသည် မိတ္ထီလာသို့လာရောက်စုဝေးကြပြီး သူတို့ထဲမှ အချို့သည်ပဋိပက္ခအတွင်း ပါဝင်ပတ်သက်ခဲ့ကြသည်။

လူအများကို လမ်းပေါ်တွင် အရှင်လတ်လတ် ခုတ်ထစ်၊ ရိုက်နှက်၊ မီးရှို့၊ သတ်ဖြတ်မှုများကဲ့သို့သော ကမ္ဘာကပင်တုန်လှုပ်သွားသည့် အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ စိတ်မချမ်းမြေ့စရာတုံ့ပြန်မှုများ၊ ကြောက်လန့် တကြားအော်ဟစ်ထွက်ပြေးသူများနှင့် ဒုက္ခရောက်နေသူများအားအသက်စွန့်ကယ်ဆယ်ကြသူများအကြားတွင် မိတ္ထီလာသည် ပဋိပက္ခဖြစ်ပွားအပြီး ကိုးလကျော်ကြာသည်အထိ သာမန်အခြေအနေသို့ ပြန်ရောက်ရန် ရုန်းကန်နေရဆဲဖြစ်သည်။ ထောင်နှင့်ချီသော ဒုက္ခသည်များသည် ယခုအချိန်အထိ နေအိမ်များဆီသို့ မပြန်နိုင်သေး။

"အရင်လို အခြေအနေပြန်ဖြစ်ဖို့တော့ အကြာကြီးစောင့်ရမယ်ထင်တယ်။ ပြဿနာဖြစ်ပြီးနောက်ပိုင်း စီးပွားရေးလုပ်ငန်းတွေကအစ သီးခြားစီရောင်းဝယ်လာကြတာတွေ့ရတယ်။ အရင်ကခင်လာတဲ့သူတွေတောင်ပြဿနာဖြစ်ပြီးနောက်ပိုင်း စကားပြောဖို့တောင်အယုံအကြည်မရှိကြတာတွေဖြစ်နေတယ်"ဟု မိတ္ထီလာမြို့မှ ဒုက္ခသည်စခန်းများတွင် ကူညီဆောင်ရွက်ပေးနေသူမြို့ခံတစ်ဦးကပြောသည်။

**၂၀၁၃ အတွင်းမြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် ပဋိပက္ခများနှင့် ဆုံးရှုံးမှုများ**




| | |
|---|---|
| ပဋိပက္ခဖြစ်ပွားမှု | ၂၀ |
| သေဆုံးသူ | ၄၉ |
| အဆောက်အအုံဖျက်ဆီးခံရမှု | ၂၀၀၀ |
| ဒုက္ခသည်အရေအတွက် | ၁၂၀၀၀ |

**မှတ်ချက်။ ။သွေးထွက်သံယိုမှုများ၊ မီးရှို့ဖျက်ဆီးမှုများဖြစ်ပွားခဲ့သည့်နေရာများကို ပြသထားခြင်းဖြစ်သည်။ ဆုံးရှုံးမှု အရေအတွက်များမှာ ပြည်တွင်းသတင်းဌာနများမှ ကောက်ယူထားခြင်းဖြစ်ပြီး အနည်းဆုံး အရေအတွက်ကို ဖော်ပြထားခြင်းဖြစ်သည်။**

မိတ္ထီလာဖြစ်စဉ် အရှိန်ကောင်းနေစဉ်အတွင်းမှာပင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာတွင် မတ်လ ၂၃ ရက်ညက လူစုလူဝေးဖြစ်ပွားပြီး နေအိမ် ၅၀ ကျော်မီးရှို့ခံခဲ့ရသည်။

ထိုနေ့မှစတင်ပြီး ပဋိပက္ခများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အနည်းဆုံးငါးရက်အတွင်း မြို့ပေါင်းကိုးမြို့သို့ အကြမ်းဖက်မီးများ ကူးစက်ပျံ့နှံ့ခဲ့သည်။

မတ်လ ၂၄ ရက်မှ ၂၈ ရက်အတွင်း ပဲခူးတိုင်းအတွင်းရှိ အုတ်ဖို၊ ကြို့ပင်ကောက်၊ နတ္တလင်း၊ အင်းမ၊ ဇီးကုန်း၊ မင်းလှ၊ မိုးညို၊ လက်ပံတန်း၊ သဲကုန်း စသည့်မြို့များသည် ပဋိပက္ခများ၏ဒဏ်ကို ရက်ပိုင်းအတွင်း ခံစားခဲ့ရသည်။ ထို့နောက် ဧပြီလ ၃၀ ရက်တွင် လူအသေအပျောက်ရှိသည်အထိ ပြင်းထန်ခဲ့သည့် ပဋိပက္ခတစ်ခုမှာ ရန်ကုန်မြို့မှ မိုင်အနည်းငယ်သာကွာဝေးသည့် ဥက္ကံမြို့တွင် ဖြစ်ပွားခဲ့သည်။ ဆွမ်းခံကြွလာသည့်ကိုရင်ငယ်တစ်ပါးကို ဘာသာခြားအမျိုးသမီးတစ်ဦးက ဝင်တိုက်မိရာမှ စတင်ခဲ့သည့်ပဋိပက္ခသည်လူအသေအပျောက်ရှိသည်အထိပြင်းထန်ခဲ့သည်။ ဥက္ကံဖြစ်စဉ်အတွင်း အဆောက်အအုံ ၁၀၀ ကျော်ဖျက်ဆီးခံခဲ့ရသည်။

ဥက္ကံဖြစ်စဉ်အပြီးတစ်လခန့်အကြာတွင် ကပ်ရောဂါကဲ့သို့တစ်မြို့ပြီးတစ်မြို့ ကူးစက်နေသည့် အကြမ်းဖက်မှုများမှာ မြန်မာပြည်အထက်ပိုင်း ရှမ်းတောင်တန်းများဆီသို့လည်း ကူးစက်ရောက်ရှိသွားခဲ့သည်။ ထိုသို့သောအကြမ်းဖက်မှုများကြောင့် ယခင်က သည်းခံခြင်း၊ အကြင်နာတရား၊ မေတ္တာတရားတို့ကြီးမားကြောင်း ချီးကျူးခံရသော ဗုဒ္ဓဘာသာနှင့်မြန်မာလူမျိုးတို့ကိုကမ္ဘာ့မီဒီယာများကပင် ရှုတ်ချမှုများရှိလာသည်။ ထို့အပြင် မေလ ၂၈ ရက်က လားရှိုးမြို့တွင် အမျိုးသမီးတစ်ဦးဓာတ်ဆီလောင်းမီးရှို့တိုက်ခိုက်ခံရသည်မှ အစပြုပြီး တစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်ပွားခဲ့ရသည်။ ပဋိပက္ခများအတွင်း လူတစ်ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရခဲ့သည်။ မြို့အတွင်းရှိ နေအိမ်နှင့်ဈေးဆိုင်များ၊ ရုပ်ရှင်ရုံ၊ ဘာသာရေးအဆောက်အအုံနှင့် မော်တော်ယာဉ်များမီးရှို့ဖျက်ဆီးခံခဲ့ရသည်။

"ဂဇတုန်းကတောင် ဒါမျိုးတွေတစ်ခါမှမဖြစ်ဖူးဘူး။ အခုဟာက မထင်မှတ်တာလေးကစပြီး ပြဿနာကမထင်လောက်အောင်ကြီးသွားတာ"ဟု လားရှိုးမြို့ခံတစ်ဦးကပြောသည်။

ထို့နောက် ဇွန်လတွင် ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ အသက် (၁၉) နှစ်အရွယ်အမျိုးသမီးငယ်တစ်ဦးကို ဘာသာခြားနှစ်ဦးက စော်ကားသည့်သတင်းထွက်ပေါ်လာပြီး လူစုလူဝေးများဖြစ်ပွားခဲ့သည်။ စက်တင်ဘာ ၂၈ ရက်တွင် သံတွဲမြို့၌ အကြမ်းဖက်မှုထပ်မံဖြစ်ပွားခဲ့ရာ လူခုနစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိ၍ နေအိမ်နှင့် အဆောက်အအုံမျိုးစုံ ၂၀၀ ကျော် ဖျက်ဆီးခံခဲ့ရသည်။

အကြမ်းဖက်မှုမီးများမှာ ပြည်တွင်း၌မပြီးသေးဘဲ မလေးရှားတွင်သွားရောက်လုပ်ကိုင်နေသော မြန်မာများကို ဘင်္ဂါလီအပါအဝင် အခြားသူများက အကြမ်းဖက်ခဲ့၍ လူ ၁၅ဦးသေဆုံးကာ ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဗုံးပေါက်ကွဲမှုဖြစ်စဉ်ကိုလည်း မြန်မာနိုင်ငံ၏ ပဋိပက္ခများနှင့် ဆက်စပ်မှုရှိနေကြောင်း ပြောဆိုမှုများရှိနေသည်။

အဆိုပါအဖြစ်အပျက်မျိုးသည်ဩဂုတ်လ ၂၄ ရက်တွင်ကန့်ဘလူ၊ အောက်တိုဘာ ၅ ရက်တွင် ဧရာဝတီတိုင်းကျောင်းကုန်းတို့၌လည်း ဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခများဖြစ်ပွားခဲ့သည်။


သာမန်ရာဇဝတ်မှု၊ အမျိုးသမီးငယ်များ ကာယိန္ဒြေစော်ကားခံရမှုများမှစတင်ခဲ့သည့် ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်သည် ၂၀၁၃ တွင် ကမ္ဘာ့အလယ်၌ နာမည်ဆိုးဖြင့်ကျော်ကြားခဲ့ရသည်။

## ၈၆

■ နှစ်လေးဆယ်ကျော်မှ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ပြန်လည်ကျင်းပခွင့်ရရှိခဲ့သော (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သော အားကစားသမားများ ရယူပေးခဲ့သော ရွှေတံဆိပ်ဆု အရေအတွက် ဖြစ်သည်။



စာရေးဆရာ၊ သတင်းစာဆရာ မောင်ဝံသ(ခ)ဦးစိုးသိမ်း



ငြိမ်းချမ်းရေးကဗျာဆရာကြီး ဒဂုန်တာရာ(ခ)ဦးဌေးမြိုင်



ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ ဈာပနအခမ်းအနား



စာရေးဆရာမင်းလူ(ခ)ဦးညဏ်ပေါ် ၏ ဈာပနအခမ်းအနား



ရဲဘော်သုံးကျိပ်ထဲမှ နောက်ဆုံးကျန်ရစ်သူ ဗိုလ်ရဲထွဋ်၏ ဈာပန

# ကမ္ဘာကြီးကို နှုတ်ဆက်သွားသူများ

■ ဥက္ကာကိုကို

၂၀၁၃ ခုနှစ်တွင် နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသူများ၊ အဖိုးမဖြတ်နိုင်သည့် စာပေပညာရှင်ကြီးများ၊ အနုပညာရှင်ကြီးများ ကြွေလွင့် တိမ်းပါးခဲ့ကြရသည်။ နိုင်ငံရေးသမားအချို့လည်း ကြွေလွင့်သွားခဲ့သည့် နှစ်တစ်နှစ် ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ်ကုန်လွန်ခါနီး နိုဝင်ဘာလအတွင်း ပြည်ထောင်စုဝန်ကြီးတစ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ရဲဘော်သုံးကျိပ်ဝင် နောက်ဆုံးတစ်ဦးအပါအဝင် ထင်ရှားသည့် ပုဂ္ဂိုလ်ရှစ်ဦးကွယ်လွန်ခဲ့သဖြင့် ဆုံးရှုံးမှုအများဆုံးလတစ်လဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးမှ ကြွေလွင့်သွားခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်များကို ဖော်ပြလိုက်ပါသည်။

တစ်သက်တာ ရုပ်ရှင်ဆုရှင်ကြီးဖြစ်သည့် အသက်(၉၂)နှစ်အရွယ် ဒါရိုက်တာကြီး ဦးတင်ယုသည် ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်မြို့၊ ပုလဲကွန်ဒိုနေအိမ်၌ ကွယ်လွန်သွားခဲ့သည်။ ထိုနေ့ညနေမှာပင် အသက်(၅၂)နှစ်အရွယ် ရော့ခ်အဆိုတော်ကြီး ဟယ်ရီလင်းသည် ကျောင်းမြောင်း နေအိမ်၌ ကွယ်လွန်သွားခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက် နံနက်လေးနာရီခွဲခန့်တွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်အကယ်ဒမီမော့စ် ကွယ်လွန်သွားခဲ့၍ အနုပညာလောကအတွက် ဝမ်းနည်းပူဆွေးဖွယ် ဖြစ်ခဲ့သည်။

မတ်လ ၂၅ ရက်ညတွင် ရုပ်ရှင်သရုပ်ဆောင်မင်းသမီးကြီး အသက်(၇၀)အရွယ်ဒေါ်နှင်းဆီ(ခ) ဒေါ်ခင်ထားရီသည် ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားခဲ့သည်။

ဆရာကြီးသာဓု၏ သားတစ်ဦးဖြစ်သူ သာဓုရုပ်ရှင်ခြံတွင် နေထိုင်သည့် အသက် (၅၅ )နှစ်အရွယ် တေးရေးဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ ဦးအာယုသည် မေလ ၁၁ ရက်တွင် ကွယ်လွန် သွားခဲ့သည်။ မေလမှာပင် အသက်(၇၅)နှစ်အရွယ် ဂီတစာဆိုကြီး အကော်ဒီယံအုန်းကျော်လည်း ကွယ်လွန်ခဲ့သည်။ မေလ ၂၇ ရက်တွင်အသက်(၈၃)နှစ်အရွယ် ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီဒေါ်မေလွင်ကွယ်လွန်ခဲ့သည်။

ထိုနေ့မှာပင် နိုရာသီချင်းဖြင့် နိုင်ငံကျော်ခဲ့သည့် လူငယ်တက်သစ်စ အဆိုတော်ဖြစ်သူ(၂၄)နှစ်အရွယ် ကိုကိုမောင်သည် လှိုင်သာယာတွင် ဆိုင်ကယ်မတော်တဆမှုဖြင့် ဆုံးပါးသွားခဲ့ရသည်။

နိုင်ငံကျော်တေးရေးဆရာတစ်ဦးဖြစ်သည့် တေးရေးကေအေတီ(ခ) ဦးကျော်ကျော်အောင်သည် ဇွန်လ ၁ ရက်တွင် ကွယ်လွန်သွားသောကြောင့် ဂီတလောက၏ ကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ရပြန်သည်။

မွန်ပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် အသက်(၆၇)နှစ်အရွယ် နိုင်ရောစသည် ဇွန်လ ၁၅ ရက်တွင်ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေရင်း တိမ်းပါးသွားခဲ့သည်။ ဇွန်လ ၂၃ ရက်တွင် ဓုတင်္ဂစာရဓမ္မသုခ သုံးဆယ်ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ဇွန်လ ၂၆ ရက်တွင်ဆိုကရေးတီး(ဗဟို)အကဲဖြတ် တေးရေး ပညာရှင်ဟောင်း ဂီတစာဆို စန္ဒရားလှမိုး ကွယ်လွန်ခဲ့သည်။

ဘိန်းဘုရင်ဟု လူသိများသည့်အသက်(၈၀)အရွယ်နာမည်ကျော်သူဌေးကြီး ဦးလော်စစ်ဟန်သည် ဇူလိုင်လ ၆ ရက်တွင် ကွယ်လွန်သွားခဲ့၍ ၁၇ ရက်တွင် ယူနန်သုသာန်၌ ဂူသွင်းခဲ့သည်။ နိုင်ငံတော်ဝန်ကြီး အချို့ပါဝင်သည့် ရာပေါင်းများစွာသော လူများက ခမ်းနားကြီးကျယ်စွာ လိုက်လံပို့ဆောင်ခဲ့ကြသည်။ ၎င်း၏ နောက်ဆုံးခရီးတွင် လုံခြုံရေးများ ထူထပ်စွာ ချထားခဲ့ရသည်။

ပြည်သူတို့၏ အခက်အခဲများကို နိုင်ငံရေး ပြက်လုံးများ အဖြစ်ပြက်လုံးထုတ်ပြီး နာမည်ကျော်ခဲ့သည့် မန္တလေးမြို့မှ လူရွှင်တော်ကြီး ဦးပါပါလေး အသက်(၆၇) နှစ်သည် ဩဂုတ်လ ၂ ရက်တွင် နှလုံးသွေးကြောပိတ်၍ ကွယ်လွန်ခဲ့သည်။

သတင်းစာဆရာ တစ်ဦးဖြစ်သော စာရေးဆရာ၊ သတင်းစာဆရာ မောင်ဝံသ(ခ) ဦးစိုးသိမ်းသည် အသက်(၆၉)နှစ်အရွယ် ဩဂုတ်လ ၁၁ ရက်တွင် ကွယ်လွန်သွားခဲ့သည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်၊ အမျိုးသား သတင်းစာကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဆရာမောင်ဝံသ ကွယ်လွန်ခြင်းသည် သတင်းစာလောကအတွက် အဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုတစ်ခုဖြစ်ခဲ့သည်။ အလားတူ စာပေလောက၏ ဆုံးရှုံးမှုတစ်ရပ်အဖြစ် ဩဂုတ်လ ၁၈ ရက်တွင် နိုင်ငံကျော်စာရေးဆရာ မင်းလူ(ခ)ဦးညဏ်ပေါ် ကွယ်လွန်သွားခဲ့ရာများစွာသော စာဖတ်ပရိသတ်များ ဝမ်းနည်းကြေကွဲခဲ့ရသည်။

ဩဂုတ်လ၁၉ရက်တွင်စာပေလောက၏ ကြယ်ကြီးတစ်ပွင့်ကို ထပ်မံဆုံးရှုံးခဲ့ရပြန်သည်။ ၎င်းမှာ အသက်(၉၅)နှစ်အရွယ် ငြိမ်းချမ်းရေးကဗျာဆရာကြီး ဒဂုန်တာရာ(ခ) ဦးဌေးမြိုင်ပင် ဖြစ်သည်။ ဩဂုတ်လအတွင်းမှာပင် ရေဒီယိုသီချင်းများဖြင့် အောင်မြင်ကျော်ကြားခဲ့သော အဆိုတော်ကြီး မျိုးမြင့်လေးသည် အသည်းကင်ဆာရောဂါဖြင့် အသက်(၇၄)နှစ် အရွယ်၌ ကွယ်လွန်သွားခဲ့သည်။

ပရိသတ်များကို ရယ်မောပျော်ရွှင်စေခဲ့သည့် မန္တလေးအငြိမ့်လောကမှ နာမည်ကျော်လူရွှင်တော်ကြီး ဦးဒီပါသည် စက်တင်ဘာ ၉ ရက် နံနက်တွင် လေဖြတ်၊ သွေးတိုးရောဂါများဖြင့် ဆုံးပါးသွားခဲ့သည်။ ဦးဒီပါကွယ်လွန်ချိန်တွင် အသက်(၇၅)နှစ်ရှိပြီ ဖြစ်သည်။

စက်တင်ဘာ ၁၆ ရက်တွင် အသက်(၈၈)နှစ်အရွယ် သွေးသောက်မဂ္ဂဇင်းအယ်ဒီတာချုပ်၊ စာရေးဆရာ ဒါရိုက်တာ ဦးပြည့်စုံ(ပြည့်စုံရုပ်ရှင်ထုတ်လုပ်ရေး) ကွယ်လွန်ခဲ့သည်။ စက်တင်ဘာလ အတွင်းမှာပင်ထွေးဦး မြန်မာရုပ်သေးအဖွဲ့မှ ရုပ်သေးပညာရှင်တစ်ဦးသည် ထိုင်းခရီးသွားလုပ်ငန်းရှင်များအား ဆီဒိုးနားဟိုတယ်၌ ဖျော်ဖြေအပြီး ရုတ်တရက်သေဆုံးသွားခဲ့သည်။

အကျဉ်းထောင်များတွင် တရားစခန်းများဖွင့်လှစ်၍ ဝိပဿနာတရားတော်များ သင်ကြားပြသပေးခဲ့သည့် ကမ္ဘာကျော် ဝိပဿနာဆရာကြီး ဦးဂိုအင်ကာသည် စက်တင်ဘာ ၂၉ ရက်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ နေအိမ်၌ ကွယ်လွန်သွားခဲ့သည်။ အသက်(၉၀)နှစ်အရွယ် ဆရာကြီး ဦးဂိုအင်ကာကို အိန္ဒိယအစိုးရက မီးသဂြိုလ်ပေးခဲ့ပြီး အရိုးပြာအိုးကို မြန်မာနိုင်ငံတွင် လာရောက်မျှောခဲ့သည်။

အောက်တိုဘာ ၁၄ ရက်တွင် လုပ်သားပြည်သူနေ့စဉ် သတင်းစာအယ်ဒီတာချုပ် (ငြိမ်း) ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုရှင်၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်ဖြစ်သူ အသက်(၈၉)နှစ်အရွယ် ဦးလှမြိုင် (ခ) ကိုဆောင်း ကွယ်လွန်ခဲ့သည်။ အောက်တိုဘာ ၁၈ ရက်တွင် ၁၅၀၀ တေးစီးရီးဖြင့် နာမည်ကျော်ခဲ့သူ အသက်(၃၀)နှစ်အရွယ် အဆိုတော် စန္ဒီ(၁၅၀၀) ကွယ်လွန်ခဲ့သည်။ အောက်တိုဘာ ၁၇ ရက်တွင် ဂျပန်နိုင်ငံ ကျိုဒိုသတင်းစာ၏ မြန်မာနိုင်ငံ သတင်းထောက် အသက်(၉၂)နှစ်အရွယ်ရှိ သတင်းစာဆရာကြီး ဂါးဒီးယန်းဦးစိန်ဝင်း ကွယ်လွန်ခဲ့သည်။ အောက်တိုဘာ ၃၀ ရက်တွင် ဦးရှုံစား၊ ဦးဒိန်းဒေါင်၊ ဖိုးဆိတ်ဖြူ၊ ဦးစိတ်တို၊ မျောက်ညို ကာတွန်းဇာတ်ကောင်များဖြင့် နိုင်ငံကျော်ခဲ့သည့် အသက်(၈၆)နှစ်အရွယ် ကာတွန်းဆရာကြီး ဦးအောင်ရှိန် ကွယ်လွန်ခဲ့သည်။

နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လသာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဘာသာပြန်သုတ အမျိုးသား စာပေဆုရှင် အသက် (၆၃) နှစ်အရွယ် ဦးကြည်မြင့် ကွယ်လွန်ခဲ့သည်။

အသက်(၇၅)နှစ်အရွယ် စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်) (ခ) ရဲမှူးကြီးသူရိန်ခင်မောင်ထွန်း(ငြိမ်း)သည် နိုဝင်ဘာ ၁၇ ရက်တွင် ကွယ်လွန်ခဲ့သည်။ ၎င်းသည် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့ သည်။

နိုဝင်ဘာ ၂၅ ရက်တွင် ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွေးမြင့်သည် အသက်(၈၄) နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။ ဦးထွေးမြင့်သည် ဘဝတစ်လျှောက် နိုင်ငံရေးလုပ်သဖြင့် ထောင်နှစ်ကြိမ်ကျကာ ထောင်အတွင်း အနှစ်နှစ်ဆယ်ခန့် နေထိုင်ခဲ့ရသူဖြစ်သည်။ နိုဝင်ဘာ ၂၇ ရက်တွင် လွတ်လပ်ရေးတိုက်ပွဲဝင် ရဲဘော်သုံးကျိပ်ထဲမှ နောက်ဆုံးကျန်ရစ်သူ ဗိုလ်ရဲထွဋ်သည် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း အကြောင်း အမျိုးမျိုးကြောင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ကြသူများအတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပြီး ကွယ်လွန်သူများ ကောင်းရာဘုံသို့ ရောက်ရှိနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

# ပျက်စီးနေသော ပညာရေးစနစ်ကို စတင်ပြုပြင်ခြင်း

နေလင်းထွန်း

မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် စစ်အာဏာရှင်အောက်တွင် အဘက်ဘက်မှ နိမ့်ကျပြိုဆင်းသွားခဲ့ပြီးနောက် လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားတိုးတက်မှုကို ဆိုးရွားစွာ သက်ရောက်မှုဖြစ်စေခဲ့သည်။ ရလဒ်အနေဖြင့်တိုင်းပြည်၏ လူငယ်၊ လူရွယ်အများစုအိမ်နီးချင်းနိုင်ငံများ၌ အောက်ခြေအလုပ်သမားများဘဝသို့ ရောက်ရှိသွားခြင်းဖြစ်သည်။

သို့သော်သမ္မတဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအရပ်သား အသွင်ပြောင်းအစိုးရတက်လာပြီးနောက် အဘက်ဘက်ကယိုယွင်းနေသည့် ပညာရေးစနစ်ပြန်လည်မြှင့်တင်ရန် ကြိုးပမ်းလာခဲ့ရာ ၂၀၁၃ ခုနှစ်သည် ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုအများဆုံးဖြစ်ခဲ့သည်။

အောက်တိုဘာလတွင် နိုင်ငံတော်သမ္မတသည် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲကိုကျင်းပပေးခဲ့ပြီး မြန်မာ့ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းဆောင်ရွက်ရန်နှင့် ပညာရှင်များ၏အကြံဉာဏ်များကိုစုစည်းပြီး ချက်ချင်းဆောင်ရွက်ရမည့် အစီအစဉ်နှင့် ရေရှည်ဆောင်ရွက်ရမည့်အစီအစဉ်တို့ကိုရေးဆွဲရန် လမ်းညွှန်လိုက်သည်။

ထို့နောက် အစိုးရသစ်၏ ခေတ်သစ်၊ စနစ်သစ်ကူးပြောင်းမှုတွင် ပညာရေးသည် ပြောင်းလဲမှုဖြစ်စဉ်ထဲမှ တစ်ခုဖြစ်သည်ကို လူတိုင်းနားလည်သဘောပေါက်စေရန်လိုအပ်ကြောင်း အမှတ်(၅) သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းကပြောဆိုပြီး မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အောက်တိုဘာတွင် စတင်ဦးဆောင်သည်။

အစိုးရသက်တမ်းသုံးနှစ်မြောက်အထိ အခြေခံနှင့် အဆင့်မြင့်ပညာရေးကဏ္ဍတွင် အစီအစဉ်သစ်များဖြစ်ပေါ်ခဲ့သော်လည်း အဘက်ဘက်မှ နိမ့်ကျနေသည့် ပညာရေးကဏ္ဍတွင် ထိုက်သင့်သောတိုးတက်ပြောင်းလဲမှု ပြသနိုင်ခြင်းမရှိခဲ့သောကြောင့် သမ္မတရုံးက တိုက်ရိုက်ကိုင်တွယ်လိုက်ခြင်းဖြစ်သည်။

နိုဝင်ဘာတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး ကွယ်လွန်ခဲ့သလို ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာဘရွှေနှင့် ဦးအေးကြူတို့ ရာထူးအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒေါက်တာဇော်မင်းအောင်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ဒေါက်တာစန်းလွင်တို့ ဒုတိယဝန်ကြီးများဖြစ်လာသည်။

ယခုပညာသင်နှစ်တွင်ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍတွင် နေ့စား၊ လပေးဝန်ထမ်း ငါးသောင်းကျော်အသစ်ခန့်အပ်ခြင်းနှင့် တစ်နိုင်ငံလုံးရှိ ဆရာ၊ ဆရာမရာထူးနေရာတစ်သိန်းနှစ်သောင်းကို တိုးမြှင့်ခန့်အပ်ခဲ့သည်။

ဆရာ၊ ဆရာမအမြောက်အမြားကို ရာထူးနေရာတိုးမြှင့်ပေးခြင်းသည်မြန်မာ့ပညာရေးသမိုင်းတွင် ပထမဆုံးဖြစ်သောကြောင့် ပညာရေးဝန်ထမ်းများအတွက် ဝမ်းမြောက်စရာဖြစ်ခဲ့သလို ဆယ်တန်းအောင်နှင့် ဘွဲ့ရပြီး အလုပ်လက်မဲ့ဖြစ်နေသူများအတွက် နေ့စား၊ လပေးဝန်ထမ်းဖြစ်လာရန် အခွင့်အလမ်းကောင်းဖြစ်ခဲ့သည်။

နေ့စား၊ လပေးဝန်ထမ်းများ ရုတ်တရက်ခန့်ထားမှုနှင့်ပတ်သက်၍ မူလတန်းပြဖြစ်လာမည့် သူများ၏ အရည်အချင်းအတွက်ကြိုတင်ပြင်ဆင်မှုအားနည်းခဲ့ခြင်းအား ဝေဖန်မှုရှိခဲ့သော်လည်း မူလတန်းအဆင့်တွင် ဆရာဦးရေ အရေးပေါ်လိုအပ်နေမှုကို လတ်တလောဖြေရှင်းရန် အခြားနည်းလမ်းမရှိကြောင်းပညာရှင်အချို့ကထောက်ပြပြောဆိုကြသည်။

ထို့အပြင် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူအားလုံးအတွက်တစ်ဦးလျှင် ကျပ်တစ်ထောင်စီထောက်ပံ့ခဲ့သည်။ တစ်နိုင်ငံလုံးတွင်မူလတန်းကျောင်းသား၊ ကျောင်းသူ ငါးသန်းကျော်ရှိနေသောကြောင့် ပညာရေးအသုံးစရိတ်ကျပ်သန်းငါးထောင်ကျော်အသုံးပြုလိုက်ခြင်းဖြစ်သည်။

မူလတန်းအဆင့် ကျောင်းနေမှုမြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်သော ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်သစ်မှာ ငွေကြေးပြည့်စုံသော ကလေးငယ်များအတွက် တစ်နေ့မုန့်ဖိုးပင်မရှိ၍ ဆင်းရဲနွမ်းပါးသော ကလေးငယ်များအတွက် ဆုံးရှုံးနစ်နာမှုဖြစ်စေကြောင်း ပညာရှင်များက ဝေဖန်ကြသည်။

"စီမံခန့်ခွဲမှုအပိုင်းကပြန်စဉ်းစားသင့်တာပေါ့။ အကုန်လုံးကိုဇလုပ်တိုက်ပြီး ငွေတစ်ထောင်စီပေးနေတာကတော့ နည်းလမ်းသိပ်မမှန်ပါဘူး"ဟု ရန်ကုန် တက္ကသိုလ်၊ အငြိမ်းစားပါမောက္ခချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ကဝေဖန်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် အစိုးရသစ်လက်ထက်မင်္ဂလာအရှိဆုံးသတင်းမှာ နှစ်ပေါင်းများစွာ ပိတ်ထားသော ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် ဘွဲ့ကြိုကျောင်းသားပြန်လည်ဖွင့်လှစ်မှုပင်။ သမိုင်းအစဉ်အလာကြီးမားသော တက္ကသိုလ်နှစ်ခုကို စစ်အစိုးရကခြောက်သွေ့အသက်မဲ့စေခဲ့မှုအပေါ် ဦးသိန်းစိန်အစိုးရကပြန်လည်ရှင်သန်လာစေရန် အ သက်သွင်းပေးလိုက်ခြင်းဖြစ်သည်။ သို့သော်ဘွဲ့ကြိုကျောင်းသားလက်ခံရာတွင် ဘာသာရပ်တစ်ခုလျှင် အထူးချွန်ဆုံးကျောင်းသား ၁၅ ဦးစီဖြင့် ဘာသာရပ် ၂၀ အတွက် ကျောင်းသား ၃၀၀ ကို သာရွေးချယ်လက်ခံရန် ကနဦးကြေညာခဲ့သည်။

ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ တာဝန်ယူထားသော ဒေါ်အောင်ဆန်းစုကြည်က ကျောင်းသားအရေအတွက်သည် ဇန်းပြလုပ်ရပ်သက်သက်ဖြစ်သောကြောင့် ရပ်တန်းကရပ်သင့်ကြောင်း ဝေဖန်ပြောဆိုလိုက်ပြီးနောက် ရန်ကုန်တက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူတစ်ထောင်ကျော်အထိ တိုးမြှင့်လက်ခံလိုက်သည်။

ထို့အပြင်တက္ကသိုလ်များတွင် အဆောင်နေကျောင်းသားများလက်ခံရန် ကျောင်းမဖွင့်မီနှစ်ပတ်အလိုတွင် ကြေညာခဲ့ပြီးကျောင်းသား၊ ကျောင်းသူများအတွက် ဝမ်းမြောက်စရာဖြစ်ခဲ့သော်လည်း တက္ကသိုလ်ဆရာ၊ ဆရာမနှင့် ဝန်ထမ်းများအတွက် အခက်အခဲကြုံတွေ့မှုဖြစ်စေခဲ့သည်။

"ကျောင်းသား၊ ကျောင်းသူတွေအတွက် အဆောင်ပေးတာကို ဝမ်းသာကြိုဆိုပါတယ်။ တချို့အဆောင်တွေကလည်း အရင်တုန်းက ကျောင်းသားဆောင်တွေပါပဲ။ ဒါပေမဲ့ပြင်ဆင်မှုအားနည်းပြီးတော့ နာမည်ကောင်းယူဖို့ကြိုးစားတဲ့အခါမှာ ဆရာ၊ ဆရာမတွေဒုက္ခရောက်ရတာ စိတ်ပျက်စရာပါပဲ။ ဆရာမအဆောင်တွေမှာ ကျောင်းသူတွေနဲ့ ရောထားတာလည်းမဖြစ်သင့်ပါဘူး။ နယ်ကတက္ကသိုလ်တွေမှာလည်းအခက်အခဲဖြစ်နေပါတယ်"ဟုဒဂုံတက္ကသိုလ်မှ ဆရာတစ်ဦး ကပြောသည်။

စစ်အစိုးရသည် တက္ကသိုလ်၊ ကောလိပ်အများအပြားကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိလွင်တီးခေါင်ပြင်များတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ကျောင်းသားအဆောင်မဆိုထားနှင့် ဆရာ၊ ဆရာမနှင့် ဝန်ထမ်းများအတွက် နေထိုင်ရန် အလုံအလောက်စီမံပေးနိုင်ခြင်းမရှိသေးပေ။

ပညာရေးအစီအစဉ်သစ်များ ဆုံးဖြတ်ရာတွင်အကျိုးဝင်သူများကိုကြိုတင်အသိပေးဆွေးနွေးမှုမရှိခြင်းတို့၏ အကျိုးဆက်က ပညာရေးမြှင့်တင်မှုအစီအစဉ်များ၏ ပုံရိပ်ကို ထိခိုက်စေခဲ့သည်။

ပညာရေးပြုပြင်ပြောင်းလဲမှု ဆိုင်ရာဆွေးနွေးပွဲများခေါင်းစဉ်အမျိုးမျိုးဖြင့် ဆောင်ရွက်နေသော်လည်း သက်ဆိုင်သူအားလုံးပါဝင်ဆောင်ရွက်ခွင့်နည်းပါးနေပြီး အောက်ခြေအဆင့်တွင်လည်း စီမံခန့်ခွဲမှုဆိုင်ရာပြောင်းလဲမှုမှာ လက်ရှိချိန်ထိ မရှိသေးကြောင်း လုပ်သက်ရင့်ပညာရေးအရာထမ်းတစ်ဦးကဆိုသည်။

"ပညာရေးလို့ပြောရင် သန်းခြောက်ဆယ်သောပြည်သူတွေကို မေ့ထားလို့ မရဘူး။ ပြုပြင်ပြောင်းလဲရေးဆိုတဲ့ ဘယ်လိုအစည်းအဝေးမှာမဆို အလွှာအသီးသီးက ကိုယ်စားလှယ်တွေ ပါဝင်သင့်တယ်။ အခုထိအဲဒီလိုမဟုတ်သေးဘူး။ စီမံခန့်ခွဲမှုတွေလည်း ဘာမှမထူးခြားသေးဘူးဗျို့"ဟု ၎င်းကဆိုသည်။

ပညာရေးစနစ်သစ်သို့ ကူးပြောင်းရာတွင် အစိုးရနှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုအပေါ်မူတည်၍ အောင်မြင်မှုကိုရည်မှန်းနိုင်မည်ဖြစ်ပြီး ပြုပြင်ပြောင်းလဲမှုကာလကို စိတ်ရှည်မှုရှိရန်လိုအပ်ကြောင်း ပညာရှင်တစ်ဦးကထောက်ပြသည်။

"အခုအခြေအနေကတော့ ပညာရေးဝန်ကြီးဌာနအတွင်းမှာပဲရှိတယ်။ ဆိုလိုတာက ပါမောက္ခချုပ်တွေ၊ ကျောင်းအုပ်တွေ၊ အမှုထမ်းတွေပါတယ်။ ဒါပေမဲ့ ဒီထက်မက မိဘပြည်သူလူထုတွေ ပါဝင်လာအောင် ပညာရေးဝန်ကြီးဌာနက စလုပ်နေတယ်။ ဘာလို့လဲဆိုတော့ ပညာရေးမှာတစ်ဝက်ပဲ အစိုးရစနစ်၊ ကျန်တဲ့တစ်ဝက်က မိဘပြည်သူပေါ်လည်း မူတည်တယ်။ ကလေးတွေရဲ့ ကျောင်းပညာရေးနဲ့ပတ်သက်လို့ မိဘပြည်သူလူထုက ပါဝင်လှုပ်ရှားမှု၊ တချို့စိတ်ဓာတ်တွေပြုပြင်ပြောင်းလဲမှပညာရေးက တိုးတက်လာနိုင်မှာပါ။ ပြည်သူလူထုကတော့ နည်းနည်းစိတ်ရှည်ဖို့လိုတယ်"ဟု ပညာရေးဆိုင်ရာအကြံပေး ပညာရှင်ဒေါက်တာရင်ရင်နွယ်က ဆိုသည်။

ဦးသိန်းစိန်သည် ကျန်ရှိသောသမ္မတသက်တမ်းတွင်ပညာရေးကဏ္ဍကို သိသာထင်ရှားသောပြုပြင်ပြောင်းလဲမှုပြသနိုင်ရန် ရည်မှန်းနေပြီး သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်းကို အနီးကပ်ကိုင်တွယ်စေ၍ မူဝါဒအပြောင်းအလဲများဆောင်ရွက်စေလျက်ရှိသည်။

"အကောင်းဘက်က ပြောင်းလဲမှုကတော့ ပညာရေးမှာ ပွင့်လင်းမြင်သာမှု၊ ပညာရေးလောကသားတွေအတွက် လွတ်လွတ်လပ်လပ်ဖန်တီးနိုင်ခွင့်၊ စီမံနိုင်ခွင့်၊ ညွှန်ကြားနိုင်ခွင့် အဲဒီအခွင့်အလမ်းတွေကတော့ စပေးလိုက်ပါပြီ။ ဒီအခွင့်အလမ်းတွေကို ဖော်ထုတ်ရမှာပေါ့။ မူဝါဒရပြီဆိုရင် အောက်ခြေလုပ်ငန်းပိုင်းကပြင်ရမှာပေါ့။ အရေးကြီးတာက မူဝါဒနဲ့ ဥပဒေပါပဲ။ ဥပဒေလည်း ထွက်လာမယ်။ အစိုးရကလည်း မူဝါဒပြင်မယ်။ အဲဒါအဓိကပါပဲ။ အောက်ခြေလုပ်ထုံး၊ လုပ်နည်းတွေကခေါက်ရိုးကျိုးနေတာကိုး။ ဝန်ထမ်းတိုင်းကတော့ ပြင်ရမှာပေါ့"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်က ပြောသည်။

သမ္မတရုံးမှ တိုက်ရိုက်ကိုင်တွယ်ချိန်မှစ၍ ပညာရေးဝန်ကြီးဌာနတွင် မူဝါဒဆိုင်ရာပြောင်းလဲမှုအချို့ဖြစ်ပေါ်ခဲ့ပြီး သတင်းမီဒီယာများနှင့် လုံးဝထိတွေ့မှုမရှိခဲ့သော ပညာရေးဝန်ကြီးဌာနကို သတင်းစာရှင်းလင်းပွဲများပြုလုပ်ရန် တွန်းအားပေးခဲ့သည်။

မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုသည် ၂၀၁၃ ခုနှစ်မှ စတင်အသက်ဝင်လှုပ်ရှားလာခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းရန်နှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအသစ်ခန့်အပ်ရန်တို့ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ပိုမိုစိတ်ဝင်စားဖွယ် ဖြစ်လာနိုင်သည်။

"လက်ရုံးရည်ရော၊ နှလုံးရည်ရော ပြည့်စုံတဲ့ သူမျိုးဖြစ်စေချင်တယ်။ အဖွဲ့အစည်းတွေကိုလည်း တန်ဖိုးထားရမယ်။ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းကိုလည်း တန်ဖိုးထားစေချင်တယ်။ တခြားအဖွဲ့အစည်းတွေကိုရော၊ မီဒီယာကိုပါ တန်ဖိုးထားစေချင်တယ်။ Responsibility (တာဝန်ယူမှု)နဲ့ Accountability (တာဝန်ခံမှု)ကို နားလည်တဲ့ သူဖြစ်စေချင်ပါတယ်။ အခုက Duty(တာဝန်)ပဲသိတဲ့သူတွေဖြစ်နေတယ်" ဟု ဒဂုံတက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ ဒေါက်တာအာကာမိုးသူက အသစ်ဖြစ်လာမည့် ပြည်ထောင်စုဝန်ကြီးအပေါ် မျှော်လင့်မှုကိုပြောသည်။

တစ်ချိန်ကအာရှတွင် လေးစားအားကျခံခဲ့ရသော မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် စစ်အာဏာရှင်တို့၏ စနစ်တကျဖျက်ဆီးမှုကြောင့် အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများအလယ် မျက်နှာငယ်နေရမှုကို ပြန်လည်ဦးမော့လာစေရန် တည့်မတ် ပေးနိုင်မည့်လူစွမ်းကောင်းများကို လိုအပ်နေပါပြီ။



နှစ်နှစ်ဆယ်ကျော်အတွင်း ပထမဆုံးပြန်ဖွင့်သော ရန်ကုန်တက္ကသိုလ်၏ ကျောင်းစဖွင့်သည့်နေ့မြင်ကွင်းကိုတွေ့ရစဉ် ဓာတ်ပုံ - နစ်ကီ

**၁၅၇**

နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့က နှစ်စဉ်ထုတ်ပြန်သည့် ၂၀၁၃ ခုနှစ်အတွက် အဂတိလိုက်စားမှု အညွှန်းကိန်းတွင် မြန်မာကအဆင့် ၁၅၇ ၌ရပ်တည်နေသည်။

7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

**-ဇန်နဝါရီ ၆။** ။ ကာချုပ်နှင့် KNU ခေါင်းဆောင်များ နှစ်ငါးဆယ်အတွင်း ပထမဆုံးအကြိမ်တွေ့။

**-ဇန်နဝါရီ ၈။** ။ လယ်ယာမှတ်ပုံတင်များ စတင်ပြုလုပ်ပေး။

**-ဇန်နဝါရီ ၁၄။** ။ အစိုးရတပ်မတော်နှင့် ကေအိုင်အေတို့တိုက်ပွဲတွင် တပ်မတော်မှ ပစ်လိုက်သော အမြောက်ဆန် လိုင်ဇာမြို့အတွင်း ကျရောက်ပြီး အရပ်သားသုံးဦး သေဆုံး။

**-ဇန်နဝါရီ ၁၆။** ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနမှ ဝန်ကြီးဦးသိန်းထွန်းရာထူးမှ ရုတ်တရက်နုတ်ထွက်။

**-ဇန်နဝါရီ ၁၈။** ။ ထိုင်းနိုင်ငံရှိ မြန်မာလုပ်သားများနှင့် (၁၅)နှစ်အောက် သားသမီးများကို သက်သေခံအထောက်အထားများနှင့် နေထိုင်ခွင့်ဗီဇာ နေ့ချင်းပြီးထုတ်ပေးမည်ဟု ထိုင်းနိုင်ငံရှိ မြန်မာသံရုံးထုတ်ပြန်။

**-ဇန်နဝါရီ ၂၂။** ။ တစ်နှစ်ကျော် တရားဟောခွင့်ပိတ်ပင်ခံခဲ့ရသည့် ဆရာတော်ဦးသုမင်္ဂလပြန်လည်တရားဟော။

**-ဇန်နဝါရီ ၂၃။** ။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အကြီးတန်းအရာရှိ ရှစ်ဦးကို ဘဏ္ဍာငွေအလွဲသုံးစားမှုဖြင့် အမှုဖွင့်။

**-ဇန်နဝါရီ ၃၀။** ။ သားဖွားမီးယပ်ဆရာဝန်တစ်ဦးကို ဆေးကုသခွင့်လိုင်စင် ငါးနှစ်ပိတ်။

**-ဇန်နဝါရီ ၃၁။** ။ စီးပွားရေးလုပ်ငန်းအမျိုးအစား ၂၃၉ မျိုးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမည့်ပုံစံများကို ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ထုတ်ပြန်။

**-ဖေဖော်ဝါရီ ၂။** ။ ဗီဇာကတ်ဖြင့် ငွေပေးချေနိုင်သည့် ဝန်ဆောင်မှုမြန်မာအရှေ့တိုင်းဘဏ်စတင်။

**-ဖေဖော်ဝါရီ ၄။** ။ အစိုးရမှ နိုင်ငံတကာသို့ ပြန်ဆပ်ရမည့်အကြွေးသန်းကိုးထောင်ကျော်ရှိဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးပြော။

**-ဖေဖော်ဝါရီ ၁၄။** ။ လက်ပံတောင်းတောင် မီးလောင်ဖုံးတွင် တားမြစ်ထားသည့် မီးလောင်မှုပြင်း ဓာတ်ပစ္စည်းပါဝင်ကြောင်း အမေရိကန်အခြေစိုက် Justic Trust ဥပဒေပါမောက္ခပြောကြား။

**-ဖေဖော်ဝါရီ ၁၈။** ။ ကချင်ဒုက္ခသည်စခန်းများသို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ပထမဆုံးအကြိမ်ပေးပို့သော စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းတင်ကုန်ကားခြောက်စီး ဖားကန့်မြို့သို့ ရောက်ရှိ။

**-ဖေဖော်ဝါရီ ၂၅။** ။ တောင်အာဖရိကမှ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဘုန်းတော်ကြီး ဒက်စမွန်တူးတူး မြန်မာနိုင်ငံသို့ လာရောက်။

**-မတ် ၁။** ။ ပြည်ပပို့ကုန်၊ သွင်းကုန် ၃၁၈ မျိုးကို လိုင်စင်လျှောက်ထားရန်မလိုဘဲ လွတ်လပ်စွာရောင်းဝယ်ခွင့်ပြု။

**-မတ် ၉။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပ။

**-မတ် ၁၃။** ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဒေသသို့ ဒေါ်အောင်ဆန်းစုကြည် သွားရောက်။

**-မတ် ၁၄။** ။ ကမ္ဘာလှည့်ခရီးသွားများကို ယခင်သွားလာခွင့်မပြုခဲ့သည့် နေရာများသို့ တရားဝင်သွားလာခွင့်ပြု။

**-မတ် ၁၄။** ။ တစ်ဝမ်းကွဲဆွေမျိုးသားချင်းများထံမှ ကျောက်ကပ်လှူဒါန်းခြင်းအား ခွင့်ပြုမည့် ဥပဒေပြဋ္ဌာန်းနိုင်ရန် လွှတ်တော်တွင် အတည်ပြု။

**-မတ် ၁၆။** ။ DNA စစ်ဆေးချက်ကို တရားရုံးများတွင် သက်သေအဖြစ် လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြား။

**-မတ် ၂၂။** ။ Google ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ လာရောက်။

**-မတ် ၂၅။** ။ ရန်ကုန်မြို့နယ်အချို့တွင် ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း ဆိုင်မဖွင့်ရန် ဒေသန္တရအမိန့်ထုတ်ပြန်။

**-မတ် ၃၁။** ။ ကမ္ဘာကျော် မိုက်ကယ်လန်းရော့ခ်ဂီတအဖွဲ့၏ ပထမဆုံး ဖျော်ဖြေပွဲကို ပြည်သူ့ရင်ပြင်၌ ကျင်းပ။

**-ဧပြီ ၁။** ။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရေဒီယိုမိန့်ခွန်းကို ဧပြီ ၁ မှစ၍ တစ်လတစ်ကြိမ် ပုံမှန်ပြော။

**-ဧပြီ ၁။** ။ ပုဂ္ဂလိကနေ့စဉ်သတင်းစာများကို နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံးအကြိမ် ထုတ်ဝေ။

**-ဧပြီ ၆။** ။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ရန်ကုန်နေအိမ်ကို ပြတိုက်အဖြစ် ဖွင့်လှစ်။

**-ဧပြီ ၂၄။** ။ မိုဘိုင်းဆင်းမ်ကတ် တစ်ကတ်လျှင် ကျပ် ၁,၅၀၀ ဖြင့် ပြည်သူများကို မဲဖောက်၍ စတင်ရောင်းချ။

**-မေ ၁၇။** ။ (၄၇)နှစ်အတွင်း မြန်မာနိုင်ငံ၏ အဆင့်မြင့်ဆုံးခေါင်းဆောင်တစ်ဦးဖြစ်သော သမ္မတဦးသိန်းစိန်သည် တရားဝင် ချစ်ကြည်ရေးခရီးအဖြစ် အမေရိကန်နိုင်ငံသို့ ထွက်ခွာ။

**-မေ ၂၄။** ။ နှစ်ပေါင်း ၃၆ နှစ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်။

**-မေ ၂၅။** ။ ရန်ကုန်-နေပြည်တော် အမြန်လမ်းပေါ်တွင် လူ ၁၁ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရခဲ့သည့် ယာဉ်မတော်တဆမှု တစ်ခုဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုအများဆုံးသော မတော်တဆမှုဖြစ်ခဲ့။

**-မေ ၂၇။** ။ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဘင်္ဂါလီတစ်မိသားစုလျှင် ကလေးနှစ်ယောက်နှုန်းသာယူရန် ဒေသဆိုင်ရာ အမိန့်ထုတ်ပြန်။

**-မေ ၂၈။** ။ လားရှိုးတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် ပုဒ်မ ၁၄၄ အရေးပေါ် အခြေအနေထုတ်ပြန်။

**-ဇွန် ၁။** ။ အာဇာနည်ဗိမာန်ကို ဇွန်လ ၁ ရက်က အများပြည်သူဝင်ရောက်ကြည့်ရှုနိုင်ရန် စတင်ဖွင့်လှစ်ပေး။

**-ဇွန် ၃။** ။ တိုင်းပြည်ချမ်းသာရန်ထက် ပြည်သူများဆင်းရဲနွမ်းပါးမှုကို လျှော့ချရေးဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြား။

**-ဇွန် ၁၅။** ။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ရွေးကောက်ပွဲကို ဇွန်လ ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့ပြီး ၁၉ နာရီကြာမြင့်ခဲ့။

**-ဇွန် ၁၇။** ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အမျိုးသမီး ဒုရဲအုပ်လောင်းများကို နှစ်ပေါင်းသုံးဆယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြင်ပအရပ်သူများကို စတင်ခေါ်ယူ။

**-ဇွန် ၂၃။** ။ တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စတာယန်ကျဲကျိသည် ပထမဦးဆုံးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်။

**-ဇွန် ၂၇။** ။ ဇွန်လ ၂၇ ရက် ညနေ ၅ နာရီတွင် မိုဘိုင်းအော်ပရေတာနှစ်ခု ရွေးချယ်။

# ၂၀၁၃ နေ့စွဲများ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**-ဇူလိုင် ၆။** ။ ဘိန်းဘုရင်တစ်ဦးအဖြစ် ကျော်ကြားသည့် သူဌေးကြီးဦးလော်စစ်ဟန် (၈၀)နှစ်သည် ရန်ကုန်မြို့ရှိ ၎င်း၏ နေအိမ်၌ကွယ်လွန်။

**-ဇူလိုင် ၇။** ။ နှစ်ပေါင်း ၅၀ အတွင်း ကျင်းပနိုင်ခြင်းမရှိသော 7 July အခမ်းအနားများကို ယခုနှစ်တွင် မြို့များ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့။

**-ဇူလိုင် ၇။** ။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် နံနက် ၅ နာရီခွဲခန့်က ဗုံးပေါက်ကွဲမှု ရှစ်ကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ပြီး သံဃာတော်နှစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရ။

**-ဇူလိုင် ၁၃။** ။ ပြည်တွင်းအခွန်ဦးစီးဌာနမှ တိုင်းဦးစီးမှူးနှစ်ဦးအပါအဝင် ရန်ကုန်နှင့် မန္တလေးမှ လက်ထောက်ညွှန်ကြားရေးမှူး ၂၀ ကျော်အား အဂတိလိုက်စားကြောင်း အောက်ခြေဝန်ထမ်းများက တိုင်ကြားသဖြင့် ရာထူးမှ ဖယ်ရှား။

**-ဇူလိုင် ၂၃။** ။ နိုင်ငံရေးအကျဉ်းသား၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများ အပါအဝင် စုစုပေါင်း ၇၃ ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေး။

**-ဇူလိုင် ၂၇။** ။ လားရှိုးမြို့တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခြင်းကို ဇူလိုင် ၂၇ ရက် ညနေပိုင်းက ပြန်လည်ရုပ်သိမ်း။

**-ဇူလိုင် ၂၈။** ။ မြန်မာ-တရုတ်ဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ စတင်ပို့။

**-ဩဂုတ် ၁။** ။ အခြေခံပညာကျောင်းများတွင် နေ့စားလပေးဆရာ၊ ဆရာမများနှင့် အောက်ခြေဝန်ထမ်းငါးသောင်းကျော် စတင်တာဝန်ထမ်းဆောင်။

**-ဩဂုတ် ၈။** ။ ရှစ်လေးလုံးငွေရတုအခမ်းအနားကို ရန်ကုန်မြို့ရှိ MCC ၌ သုံးရက်ကြာခမ်းနားစွာ ကျင်းပခဲ့ပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရမည့် အချက်အပါအဝင် အချက်သုံးချက်ပါဝင်သော ကြေညာချက်ထုတ်ပြန်။

**-ဩဂုတ် ၁၆။** ။ ဇူလိုင်လ ၁၉ ရက်က ရေနံချောင်းအထက်တန်းကျောင်းမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ယူဆောင်သွားသော ဗိုလ်ချုပ်အောင်ဆန်း၏ လက်ရေးမူစာအုပ်ကို ပြန်လည်ပေးအပ်။

**-ဩဂုတ် ၂၂။** ။ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် လယ်ကေလေးသိန်းခွဲကျော် ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ အများစုမှာ ဧရာဝတီတိုင်းနှင့် ကရင်ပြည်နယ်မှဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြော။

**-ဩဂုတ် ၂၈။** ။ မြန်မာ-ထိုင်းနယ်စပ်ဂိတ်လေးခုမှ နိုင်ငံကူးလက်မှတ်ဖြင့် နိုင်ငံခြားသားများ ဝင်ရောက်လည်ပတ်ခွင့်ကို စတင်ခွင့်ပြု။

**-ဩဂုတ် ၂၈။** ။ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဘီဂျေနမ်ဘီးယားသည် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)ဌာနချုပ်ရှိရာ လိုင်ဇာမြို့သို့ သွားရောက်။

**-ဩဂုတ် ၃၁။** ။ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် နေပြည်တော်ရှိသမ္မတ၏ လယ်တောရိပ်သာ၌ နှစ်ဦးတည်းသီးသန့်တွေ့ဆုံ။

**-စက်တင်ဘာ ၂။** ။ မန္တလေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံးတွင် စက်တင်ဘာ ၂ ရက် ညက ရဲအချင်းချင်း သေနတ်ဖြင့် ပစ်ခတ်ရာ ရဲအုပ်သေဆုံးသွားခဲ့။

**-စက်တင်ဘာ ၇။** ။ ထူးဖောင်ဒေးရှင်း၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံသားကိုဝင်းကိုနှင့် ကိုပြည့်ဖြိုးတို့ပါဝင်သည့် တောင်တက်အဖွဲ့ ဂမ်လန်ရာဇီရေခဲတောင်သို့ ပထမဆုံးအကြိမ် အောင်မြင်စွာတက်ရောက်နိုင်ခဲ့။

**-စက်တင်ဘာ ၁၄။** ။ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ တွေ့ဆုံ။

**-စက်တင်ဘာ ၁၉။** ။ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးကျေးရွာတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ရွာသားများအကြား လယ်ယာမြေပြဿနာမှစတင်ကာ ပဋိပက္ခဖြစ်ပွား။

**-စက်တင်ဘာ ၂၁။** ။ ရန်ကုန်တိုင်းအတွင်း အိမ်ခြံမြေအရောင်းအဝယ်အတွက် ဈေးနှုန်းစံသတ်မှတ်ချက်များ စတင်ထုတ်ပြန်ကြေညာ။

**-အောက်တိုဘာ ၁။** ။ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် သမ္မတသက်တမ်းအတွင်း ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ်သို့ သွားရောက်။

**-အောက်တိုဘာ ၃။** ။ မယ်စကြာဝဠာပြိုင်ပွဲသို့ နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်ဝင်ပြိုင်ရန် မြန်မာကိုယ်စားပြုအဖြစ် မိုးစက်ဝိုင်ကို ရွေးချယ်။

**-အောက်တိုဘာ ၅။** ။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဆွဲမည်ဆိုပါက နိုင်ငံသားများအတွက် အလွန်အန္တရာယ်များကြောင်း ပြည်ခိုင်ဖြိုးပါတီက သဘောထားထုတ်ပြန်။

**-အောက်တိုဘာ ၁၀။** ။ သမ္မတဦးသိန်းစိန် အာဆီယံဥက္ကဋ္ဌရာထူးလွှဲပြောင်းလက်ခံရယူ။

**-အောက်တိုဘာ ၁၃။** ။ ရန်ကုန်မြို့ သာကေတနှင့် အင်းစိန် စော်ဘွားကြီးကုန်းမှတ်တိုင်တို့တွင် ဗုံးပေါက်ကွဲ။

**-အောက်တိုဘာ ၁၄။** ။ ရန်ကုန်မြို့လယ်ရှိ ကုန်သည်ကြီးများဟိုတယ်၌ ဗုံး ပေါက်ကွဲ။

**-အောက်တိုဘာ ၁၆။** ။ အမျိုးသမီးဗိုလ်လောင်းများ ပထမဆုံးအကြိမ်ခေါ်ယူ။

**-အောက်တိုဘာ ၂၁။** ။ ကလေးငယ်အား မုဒိမ်းမှုကျူးလွန်သူကို သေဒဏ်(သို့)တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချရန် ဥပဒေကြမ်းကို လွှတ်တော်တွင် လက်ခံသင့်၊ မသင့်မဲခွဲရာ ရှုံးနိမ့်။

**-အောက်တိုဘာ ၂၃။** ။ ဗဟိုဘဏ် ဒုဥက္ကဋ္ဌဦးသန်းညိန်းရာထူးမှ နုတ်ထွက်။ ၎င်းအနေဖြင့် ယင်းရာထူးအား လက်ခံထားသည်မှာ သုံးလခန့်သာရှိသေးသည်။

**-အောက်တိုဘာ ၃၀။** ။ လိုင်ဇာညီလာခံကျင်းပ။

**-နိုဝင်ဘာ ၄။** ။ ရခိုင်ပြည်နယ်ရှိ NGO, INGO များ အကူအညီပေးရာတွင် မျှတရန် ပြည်နယ်အစိုးရက ညွှန်ကြားချက်ထုတ်။

**-နိုဝင်ဘာ ၆။** ။ လျှပ်စစ်မီတာခ တိုးမြှင့်မှုကိုပြည်သူများ ကန့်ကွက်ဆန္ဒပြ။

**-နိုဝင်ဘာ ၈။** ။ မီတာခပြန်လျှော့ရန် အဆိုပြည်သူ့လွှတ်တော်တွင် ထည့်သွင်းအဆိုပြု။

**-နိုဝင်ဘာ ၁၅။** ။ ဦးနေဝင်းမြေးနှစ်ဦး အပါအဝင် နိုင်ကျဉ်း ၆၉ ဦး ပြန်လွှတ်။

**-နိုဝင်ဘာ ၁၈။** ။ မွန်ဂိုလီးယားသမ္မတ ပထမဆုံးအကြိမ် မြန်မာနိုင်ငံလာရောက်။

**-နိုဝင်ဘာ ၂၄။** ။ ဘုရင့်နောင်ခုံးကျော်တံတား စတင်အသုံးပြုခွင့်ပေး။

**-နိုဝင်ဘာ ၂၇။** ။ အခြေခံဥပဒေပြင်ဆင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုလုပ်ရန် ဒေါ်အောင်ဆန်းစုကြည်၏ မေတ္တာရပ်ခံချက်ကို သမ္မတနှင့် ကာချုပ်အကြောင်းပြချက်ပေး။

**-နိုဝင်ဘာ ၂၉။** ။ လက်ပံတောင်းတောင်အရေး ဆန္ဒပြသူများ တရုတ်သံရုံးရှေ့တွင် တရုတ်အလံအား မီးရှို့။

**-နိုဝင်ဘာ ၃၀။** ။ မြန်မာနိုင်ငံ၏ ပထမဆုံးသီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ဖွင့်လှစ်။

**-ဒီဇင်ဘာ ၁၁။** ။ ဆီးဂိမ်းဖွင့်ပွဲခမ်းနားစွာ ကျင်းပ။

**-ဒီဇင်ဘာ ၂၂။** ။ ဆီးဂိမ်းပိတ်ပွဲအောင်မြင်စွာကျင်းပ။

**-ဒီဇင်ဘာ ၂၆။** ။ ကမ္ဘာ့ဖလား သုဝဏ္ဏကွင်းတွင် ပြသ။

**-ဒီဇင်ဘာ ၂၉။** ။ ၂၀၁၂ အတွက် အကယ်ဒမီဆုပေးပွဲရန်ကုန်တွင် ပြန်ကျင်းပ။

# ၂၀၁၃ နိုင်ငံရေး ဇာတ်ခုံပေါ်မှအဓိကဇာတ်ဆောင်များ

အိဖြူလွင်၊ ရန်မျိုးနိုင်၊ မင်းဟိန်းကျော်




အခြေခံဥပဒေဆိုင်ရာပြည်သူ့ဆန္ဒခံယူပွဲကို ဗဟန်းမြို့နယ်တွင် ကျင်းပစဉ် ဓာတ်ပုံ - ကျော်ဇင်သန်း

'အခြေခံဥပဒေနှင့်ငြိမ်းချမ်းရေး'။ ထိုခေါင်းစဉ်နှစ်ခုမှာ ၂၀၁၃ ခုနှစ်တွင်လည်း လွန်ခဲ့သည့်နှစ်ကဲ့သို့ပင် မြန်မာ့နိုင်ငံရေးတန်းစီဇယားတွင်ထိပ်ဆုံး၌ဆက်လက်ရပ်တည်နေခဲ့သည်။

၁၄ နှစ်ကြာ အချိန်ယူရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အာဏာရပါတီက စတင်ပြင်ဆင်ရန် လှုပ်ရှားမှု၊ နိုင်ငံတကာဆက်ဆံရေးသမိုင်းသစ်အဖြစ်ဒေသတွင်းခေါင်းဆောင်နေရာကို ပထမဆုံးရယူနိုင်ခဲ့သည့် အာဆီယံဥက္ကဋ္ဌရာထူးလွှဲပြောင်းရယူမှု၊ နှစ်ပေါင်း ၆၀ အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အများဆုံးတက်ရောက်သည့် အစိုးရနှင့်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲနှင့်မြို့ကြီးအချို့တွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့မှု၊ အခြေခံဥပဒေဒီဘိတ်စသည်တို့က ၂၀၁၃ နိုင်ငံရေးအခင်းအကျင်းကို လှုပ်ခတ်စေခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်း ပြည်တွင်း၊ပြည်ပ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများကြားတွင်လှုပ်ခတ်မှုအရှိဆုံး နိုင်ငံရေးဖြစ်စဉ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးပင်ဖြစ်သည်။

မတ်လ ၁၅ ရက်တွင် ကျင်းပနေသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အာဏာရပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုဥက္ကဋ္ဌ သူရဦးအေးမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ရေးအတွက် ကော်မတီ (သို့မဟုတ်) ကော်မရှင်တစ်ခုအမြန်ဆုံးဖွဲ့စည်းပေးရန် အရေးကြီးအဆို တင်သွင်းခဲ့သည့်အချိန်မှစ၍ ယခုကဲ့သို့ လှုပ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း နှစ်ကုန်သည်အထိ သဲကွဲသော အဖြေမထွက်သေးပေ။

အဆိုပါ ခြေလှမ်းသစ်နှင့်အတူ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် လက်ရှိဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆက်သွား၍ မရကြောင်းကို အစိုးရအဖွဲ့အပါအဝင် အားလုံးက လက်ခံလာကြသော်လည်း အသစ်ပြန်လည်ရေးဆွဲမည်(သို့မဟုတ်)ပြင်ဆင်မည်ဆိုသော နည်းလမ်းများအပေါ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် ဒီမိုကရေစီ အင်အားစုများကြားထဲတွင်ပင် သဘောထားကွဲလွဲနေကြသည်။

"ဒီကိစ္စက လွှတ်တော်တွင်းမှာတင် မလုံလောက်ပါဘူး။ လွှတ်တော်တွင်းမှာမရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းတွေ၊ တခြားအဖွဲ့အစည်းတွေအတွက် လွှတ်တော်ပြင်ပဆွေးနွေးမှုဆိုတာက လိုအပ်တယ်" ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးသည် အရေးပါသကဲ့သို့ သမ္မတနှင့် အစိုးရအဖွဲ့ကလည်း တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ရေးကို အားသွန်ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၃ ကုန်သည်အထိ ဆွေးနွေးပွဲများမှအပ တစ်စုံတစ်ရာရလဒ် မတွေ့ရပေ။

ပြည်တွင်းစစ် ဖြစ်ပွားနေသည့် သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အစိုးရတို့ပါဝင်ဆွေးနွေးသည့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကို မြစ်ကြီးနားမြို့တွင် ပြုလုပ်နိုင်ခဲ့သည်။

"ကေအိုင်အိုနဲ့ အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးနိုင်ပေမယ့် သေချာတာကတော့ သေနတ်သံတွေတော်တော်စဲသွားတာပါပဲ။ သေနတ်သံတွေ စဲသွားဖို့က အဓိကပါပဲ။ လက်မှတ်ထိုးနိုင်ဖို့ကတော့ အချိန်ယူရမယ်။ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်တွေကြောင့် မလွယ်ကူလှဘူး" ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒေါက်တာတူးဂျာက ခန့်မှန်းသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး မရရှိသေးသကဲ့သို့ ပြည်တွင်းရှိ လူမျိုးရေး အဓိကရုဏ်းများနှင့် အကြမ်းဖက်မှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှုမရှိသေးသည့်အချိန်တွင် ဒေသတွင်းအငြင်းပွားမှုများကို ဦးဆောင်ဖြေရှင်းပေးရမည့် အာဆီယံဥက္ကဋ္ဌ တာဝန်ကို သမိုင်းတွင် ပထမဆုံးအဖြစ် သမ္မတဦးသိန်းစိန်က လွှဲပြောင်းရယူခဲ့သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် ဒေသတွင်းပြဿနာများနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အားလုံးကို တစ်ပြိုင်နက်တည်း လုပ်နိုင်မည်လားဆိုသည်မှာ နိုင်ငံရေးအသိုင်းအဝိုင်းအတွက် မေးခွန်းထုတ်စရာတစ်ခု ဖြစ်လာသည်။

"အာဆီယံဥက္ကဋ္ဌ တာဝန်ကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ဖို့ဆိုရင် လက်ရှိအစိုးရက အသုံးမဝင်တော့ဘဲ မူဝါဒပိုင်းဆိုင်ရာတွေကို မြန်မြန်ဆန်ဆန်ပြုပြင်ပြောင်းလဲဖို့ လိုပြီ" ဟု အာဆီယံရေးရာ လေ့လာသူတစ်ဦးဖြစ်သူ ကိုကျော်လင်းဦးက ပြောသည်။

ထို့ပြင် ယခုနှစ်တွင် သမ္မတ၏ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များကလည်း အစိုးရသစ်လက်ထက်တွင် အောင်မြင်သော ခရီးစဉ်များဖြစ်သည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူအားလုံးက ယုံကြည်ကြသည်။

အမေရိကန်ပြည်ထောင်စု ခရီးစဉ်အတွင်း ဂျွန်ဟော့ကင်းတက္ကသိုလ်တွင် မိန့်ခွန်းပြောကြားခဲ့မှုသည် မြန်မာသမ္မတတစ်ဦး၏ အမေရိကန်တွင် ပြောကြားသော မိန့်ခွန်းတစ်ခုဖြစ်ခဲ့သလို အမေရိကန်လွှတ်တော်ခေါင်းဆောင်များနှင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ အရေးယူမှုများကို ဖြေလျှော့ရန် ဆွေးနွေးနိုင်ခဲ့မှုစသည်တို့၏ အောင်မြင်မှုများ ဖြစ်ခဲ့သည်။

ဥရောပသမဂ္ဂခရီးစဉ်အပြီးတွင် ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို လက်နက်ရောင်းဝယ်မှုမှအပ အားလုံးပယ်ဖျက်ပေးခဲ့သည်။

"၂၀၁၃ မှာတော့ ဒီအစိုးရကို နိုင်ငံတကာက လက်ခံတဲ့ အစိုးရဆိုတာ ဒါက လုံးဝပြောလို့ရတဲ့ အနေအထားဖြစ်သွားပြီ ၂၀၁၁ လောက်ကဆို ဒါမျိုးပြောဖို့က ခက်တယ်လေ။ နိုင်ငံတကာကလည်း အကုန်လုံးသံသယတွေနဲ့ ကြည့်နေကြတာပေါ့" ဟု မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ အကြံပေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာမင်းဇော်ဦးက သုံးသပ်သည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် နိုင်ငံတကာစာမျက်နှာ၌ မျက်နှာအပွင့်ဆုံးနှစ်၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာနိုင်ငံ၏ တရားဝင်ဖြစ်တည်မှုကို ပိုမိုလက်ခံလာသော နှစ်အဖြစ် အထူးထင်ရှားသော နှစ်ဖြစ်သကဲ့သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အအောင်မြင်ဆုံး အကြောင်းအရာဖြစ်သည်ဟု အတိုက်အခံများအပါအဝင် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအားလုံးက ခြွင်းချက်မရှိ လက်ခံခဲ့ကြသည်။

သို့ရာတွင် အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအားလုံးသည်အောက်ခြေလူတန်းစားအတွက်တိုက်ရိုက်အကျိုးခံစားခွင့် မခံစားရသေးသဖြင့် နိုင်ငံတကာဆက်ဆံရေးအောင်မြင်မှုအတွက်ပင် ရည်ရွယ်လုပ်ဆောင်နေခြင်းလားဟု ယူဆစရာများလည်းဖြစ်လာကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် နိုင်ငံရေးပါတီခေါင်းဆောင်အချို့ကလည်း ထောက်ပြမှုများ ရှိလာသည်။

"အစိုးရရဲ့ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကိုကြည့်ရင်ပြည်ထောင်စုအစိုးရက လုပ်တာတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအတွက် လိုက်မလုပ်နိုင်သေးဘူးဆိုတာ ထင်ထင်ရှားရှားပေါ်လွင်လာတယ်။ ဒါကြောင့် အောက်ခြေလူထုက ဒီရလဒ်ကို ခုထိ မခံစားရသေးတာ" ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါက်တာညိုညိုသင်းက ပြောသည်။

ယင်းမှာ နိုင်ငံရေးမူဝါဒကို တိကျစွာ ချထားမှုအားနည်းခြင်းနှင့် မူဝါဒများကို အကောင်အထည်ဖော်မည့်သူများ၏ အရည်အသွေးပြည့်ဝမှု မရှိခြင်းသည်လည်း အကြောင်းပြချက် တစ်ခုအနေဖြင့် ပါဝင်သည်ဟု နိုင်ငံရေးပါတီဥက္ကဋ္ဌတစ်ဦးက ပြောသည်။

ပြည်တွင်းပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွင် ထူးခြားမှုတစ်ခုအနေဖြင့် နိုင်ငံရေးအကျဉ်းသားဟု အစိုးရက တရားဝင်စတင် သုံးနှုန်းလိုက်ပြီး လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီကိုလည်း အစိုးရက စတင်ဖွဲ့စည်းလိုက်သည်။

တစ်ချိန်တည်းမှာပင် ယခုနှစ်အတွင်း နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးမည်ဟုလည်း သမ္မတက ဗြိတိန်နိုင်ငံခရီးစဉ်တွင် ကတိပေးခဲ့သည်။

သို့သော် တစ်ဖက်တွင် အခြေခံဥပဒေက ပေးထားသည့်ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့်ကို ကန့်သတ်ထားသည့် ပုဒ်မ ၁၈ ဖြင့် အရေးယူမှုများကလည်း ဆက်တိုက်ရှိလာပြီး ယခုအချိန်ထိ ပုဒ်မ-၁၈၏ ထောင်ဒဏ်ကို ပြင်ဆင်ရန် လွှတ်တော်တွင်းကြိုးစားနေမှုကလည်း ယခုအချိန်ထိ အောင်မြင်မှု မရသေးပေ။

"တစ်ဖက်မှာ ပုဒ်မ ၁၈ နဲ့ အကျဉ်းကျနေတဲ့သူတွေကို လွှတ်ပေးဖို့ ကြိုးပမ်းနေတဲ့အချိန် တစ်ဖက်မှာလည်း ပုဒ်မ ၁၈ နဲ့ ဖမ်းဆီးမှုတွေက ဆက်တိုက်ဖြစ်လာတယ်။ အဲဒီတော့ ဒီဇင်ဘာအကုန် နိုင်ငံရေးအကျဉ်းသားတွေ မရှိတော့ဘူးဆိုတဲ့ သမ္မတရဲ့ ကတိပေးမှုကို စဉ်းစားဖို့လိုနေတယ်" ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ကိုထွန်းကြည်က ပြောသည်။

၂၀၁၃ ခုနှစ်အတွင်း သိသာထင်ရှားမှု တစ်ခုမှာ တပ်မတော်အကြီးအကဲတစ်ယောက် အနေဖြင့်ပြည်သူ့ရှေ့ထွက်ပေါ်လာခြင်းဖြစ်ပြီး ယခင်ကဖွင့်ဟပြောကြားခြင်းမရှိသည့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်နှင့် အခြေခံဥပဒေကိစ္စများတွင် ထားရှိသော ကာကွယ်ရေးဦးစီးချုပ်၏ သဘောထားများကို နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်သိရှိလာရခြင်းဖြစ်သည်။

"တပ်မတော်ရဲ့ မြင်သာတဲ့ တိုးတက်မှုတစ်ခုမှာ ကာချုပ်ကိုယ်တိုင်က သူတို့တဖြည်းဖြည်း ဆုတ်ခွာမယ်ဆိုတာကို သူကိုယ်တိုင်

စာမျက်နှာ ၁၇ »

နှစ်လေးဆယ်ကျော်မှ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပခွင့်ရရှိခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သော အားကစားသမားများ ရယူပေးခဲ့သော ရွှေတံဆိပ်ဆု အရေအတွက်ဖြစ်သည်။ ရွှေတံဆိပ်ဆု ၈၆ခု၊ ငွေတံဆိပ်ဆု ၆၂ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ်ပေါင်း ၂၃၀ ခု ရရှိခဲ့သည်။

7DAY NEWS
Vol.12, No.43 • JANUARY 1 , 2014

# ၂၀၁၃ အထင်ကရ ပြောစကားများ

"သယံဇာတတွေကို စနစ်တကျအသုံးမပြုဘဲ ဖျက်ဆီးနေသူဟာ တိုင်းပြည်ကိုဖျက်ဆီးနေသူပဲဖြစ်ပါတယ်"

**—နိုင်ငံတော်သမ္မတဦးသိန်းစိန်**

(နိုဝင်ဘာ ၁၈ ရက်၊ နေပြည်တော် အမ်အိုင်စီစီခန်းမ၌ပြုလုပ်သည့်အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားချက်)



"ကျွန်တော်တို့ လိုလားချက်က တကယ်စည်းကမ်းရှိတဲ့ဒီမိုကရေစီနိုင်ငံ တကယ်ဖြစ်ချင်တယ်။ လူထုကို တိုက်ရိုက်ပြောတာက ပထမဦးဆုံးအကြိမ်ပါ။ ကျွန်တော်တို့ တကယ်ကို ဒီမိုကရေစီနိုင်ငံတစ်ခုကိုသွားချင်တယ်၊ ဖြစ်ချင်တယ်၊ နိုင်ငံတကာနဲ့ ရင်ပေါင် တန်းပြီးမှ သာယာတဲ့တိုင်းပြည်၊ တိုးတက်တဲ့တိုင်းပြည်ဖြစ်ချင်တယ်"

**—ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

(ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဒီဇင်ဘာ ၃ ရက်က ပြည်နယ်အစိုးရတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံစဉ်ပြောကြားချက်)



"ဦးအောင်မင်းကိုကြိုက်တဲ့ အချိန်ပိုက်ဆံစစ်လို့ရတယ်။ အခု ပိုက်ဆံစိုက်ပြီးလုပ်နေတာ။ ဒါတွေက ငြိမ်းချမ်းရေးကိုလိုချင်လွန်းအားကြီးလို့ အိမ်ရောင်း၊ ကားရောင်းပြီးလုပ်နေတာ။ ဘယ်အိမ်တွေရောင်းထားလဲဆိုတာ သိချင်သေးတယ်ဆိုရင် ကျွန်တော်လိပ်စာပေးလိုက်ဦးမယ်။ သွားကြည့်လိုက်ဦး"

**—ဦးအောင်မင်း၊ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး**

(မြန်မာငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) ၌ ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနားအပြီးတွင် ပြောကြားချက်)



"ယခင်ရှိရင်းစွဲအကြွေးတွေကိုလည်း စားစရာမရှိ လျှော်စရာရှိဆိုသလိုပေါ့။ ငါ့အကြွေးမြန်မြန်ကျေအောင် ထမင်းတစ်နပ်လျှော့စားမယ်။ ဒီလိုဆိုတစ်လပြည့်ရင်ဘယ်လောက်ဆပ်နိုင်မလဲ။ ခြောက်လပြည့်ရင် ဘယ်လောက်ဆပ်နိုင်မလဲ။ ငါ့မိသားစုနဲ့အတူလျှော့စားမယ်။ ဥပုသ်စောင့်တဲ့သဘောပေါ့။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့။ ဥပုသ်စောင့်မယ်ဆိုတဲ့စိတ်နဲ့ဆို အကြွေးကျေသွားမယ်။ အကြွေးမကျေရင် သံသရာထဲက မလွတ်နိုင်ဘူး။ နောင်ဘဝမှာ ကျွန်ဖြစ်လိမ့်မယ်"

**—ဦးမြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး**

(ဇန်နဝါရီ ၂၇ ရက် ခနော်ဖြူမြို့နယ် လယ်သမားများနှင့် တွေ့ဆုံပွဲတွင် လယ်သမားများအား အကြံပြုပြောကြားချက်)



"ဟိုအရင်အစိုးရလက်ထက်မှာ အနစ်နာခံပြီး ရထားလည်း အရှုံးခံ၊ အစားအသောက်တွေကအစ အရှုံးခံပါတယ်။ သယ်ယူပို့ဆောင်ရေးတို့ ဘာတို့အဘက်ဘက်က အရှုံးခံတဲ့အခါမှာ နောက်ဆုံးပိတ် အဆင်းရဲဆုံးဘဝအထိ ကျွန်တော်တို့ရောက်သွားတယ်"

**—ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်**

(နိုဝင်ဘာ ၅ ရက်က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးတွင်ပြောကြားချက်)



"ကျွန်တော်တို့သိရသလောက် တော့ ပေါက်ကွဲပြီးသေဆုံးသွားတာမျိုးမရှိဘူး။ ပြုလုပ်သူအနေ နဲ့ပစ္စည်းသော်လည်းကောင်း၊ လူသော်လည်းကောင်း လုပ်ချင် တယ်ဆိုရင်တော့လွယ်မှာပါ။ ဒါပေမဲ့ သူတို့အနေနဲ့ကလည်း လူသားပီသစွာနဲ့ပဲထိခိုက်အောင်လုပ်လိုတဲ့စိတ်မရှိဘူးလို့ ပဲယူဆရပါတယ်။ ပြုပြင်ပြောင်းလဲလာတဲ့နိုင်ငံရေးအခြေအနေကလည်း ဒီလိုမျိုးလုပ်ဖို့မသင့်ဘူး လို့ကျွန်တော်တို့ခံယူသလို၊ လုပ်တဲ့သူကလည်း ခံယူတယ်လို့မြင်ပါတယ်"

**—ဒုရဲမှူးဝင်းနိုင်၊ အလုံမြို့ မရဲစခန်းမှူး။**

(အောက်တိုဘာ ၁၄ ရက်တွင် အလုံမြို့နယ်၊ စောရန်ပိုင်ရပ်ကွက်၊ ကမ်းနားလမ်းရှိ Western Park 2 (RUBY) စားသောက်ဆိုင်၌ မပေါက်ကွဲသေးသည့်ဗုံးတစ်လုံးတွေ့ရှိရသည့်ကိစ္စနှင့်ပတ်သက်၍ ဗုံးထားခဲ့သူများအပေါ် အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်၏ ပြောကြားချက်။)



"ရွာသားတွေက အင်အား အရမ်းများပြီး မင်းတို့ကိုပြည်သူ တွေဝိုင်းထားပြီ။ လက်နက်ချပါလို့ ပြောတာ။ ရဲအရာရှိတွေကိုပါ ကြိုးတွေနဲ့တုပ်ထားတာပါ"

**—ပုဗ္ဗသီရိမြို့နယ် ရဲစခန်းမှ ရဲအရာရှိတစ်ဦး**

(နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာတွင် စက်တင်ဘာ ၁၉ ရက်ည၌ ရွာသားများက ရဲတပ်ဖွဲ့ဝင်များကို ပြန်လည်ဖမ်းဆီးချုပ်နှောင်ကာပြောသောစကား)



"အကျင့်ပျက်နေပေမယ့် သင်္ကန်းဝတ်မို့ တပည့်တော်တို့ မှေးကိုးကွယ်နေမယ်၊ ကိုးကွယ်ရမယ် လာမလုပ်နဲ့။ ရဟန်း ကျင့်ဝတ်နဲ့ မညီမှတော့ ဘာကောင်ကြီးဖြစ်ဖြစ် ကိုးကွယ်စရာမလိုဘူး။ ရဟန်းတရားအားထုတ်ပြီး ရဟန်းအလုပ်လုပ်မှ၊ ရဟန်းသီလ၊ သမာဓိ၊ ပညာတွေမှာ ညီညွတ်နေမှ။ သံဃာရဟန်းကျင့်ဝတ် မစောင့်ထိန်းတဲ့လူ အမျိုးဖျက်တဲ့ကောင်ပဲလို့ဘုရားရှင်က မိန့်ကြားတော်မူခဲ့တယ်"

**—ဒယ်အိုးဆရာတော်ဦးသုမင်္ဂလ**



"အကြမ်းဖက်မှုတွေမှာ မွတ်ဆလင်တွေ ပစ်မှတ်ထားတိုက်ခိုက်ခံရနေရသလိုဗုဒ္ဓဘာသာဝင်တွေလည်း တိုက်ခိုက်ခံနေရတာပါပဲ။ ဒါပေမဲ့ဒါဟာနှစ်ဖက်လူ့အဖွဲ့အစည်းမှာအကြောက်တရားကြောင့် ဖြစ်လာတာဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေကလည်း အကြောက်တရားကြောင့် ဒီလိုတွေတုံ့ပြန်မှုလုပ်ခဲ့တာလို့ ကမ္ဘာက နားလည်ထားဖို့လိုပါလိမ့်မယ်။ ကမ္ဘာမှာရော မြန်မာမှာပါ မွတ်ဆလင်အင်အားစုကြီးမားတယ်ဆိုတာကို အားလုံးက နားလည်လက်ခံဖို့လိုတယ်လို့ ကျွန်မထင်ပါတယ်"

**—ဒေါ်အောင်ဆန်းစုကြည်**

(ဒုတိယအကြိမ် ဥရောပငါးနိုင်ငံ ခရီးစဉ်သွားရောက်စဉ် လန်ဒန်၌ BBC ရုပ်မြင်သံကြားနှင့် အင်တာဗျူးခန်းတွင် ပြောဆိုခဲ့စဉ်)



"ဒီမှာသောင်တင်ကျန်ရစ်ခဲ့ရင်တော့နေပြည်တော်တော်တော် အန္တရာယ်များသွားနိုင်ပါတယ်"

**—ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီး**

(နေပြည်တော်တွင်ကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်တွင် ရန်ကုန်၊ မန္တလေးတို့မှ ပရိသတ်များ သွားရောက်အားပေးပြီးမပြန်မီ လူစုလူဝေးဖြစ်မည်ကို စိုးရိမ်မိကြောင်း အားကစားပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုဝင်ဘာ ၂၂ ရက်တွင် ပြုလုပ်သောအစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်သည်။)



"Head To Head နဲ့ဆုံးဖြတ်မယ်ဆိုတာ ပွဲပြီးမှသိတာပါ"

**—ပတ်ဆောင်ဟွာ၊ မြန်မာဆီးဂိမ်းအမျိုးသား လက်ရွေးစင်အသင်းနည်းပြဟောင်း**

(အင်ဒိုနီးရှားကိုရှုံးနိမ့်အပြီး ထိပ်တိုက်တွေ့ဆုံမှုရလဒ် (Head To Head) စည်းမျဉ်းအရ ပြိုင်ပွဲမှ မြန်မာအသင်းထွက်ခဲ့ရပြီးနောက် ပြောစကား)



"သူတို့တွေက သူတို့ကိုယ်သူတို့ကာကွယ်တဲ့အနေနဲ့အကြောင်းမဲ့ဖမ်းဆီးထောင်ချခံရတယ်လို့ ပြောကြပါတယ်။ တကယ်တော့ သူတို့ ဥပဒေကို ချိုးဖောက်ခဲ့ကြပါတယ်။ အပြစ်ရှိပါတယ်"

**—ဦးခင်ညွန့်၊ ဝန်ကြီးချုပ်ဟောင်းနှင့် စစ်ထောက်လှမ်းရေးအကြီးအကဲဟောင်း**

(နိုင်ငံရေးအကျဉ်းသားများ အကြောင်းမဲ့ဖမ်းဆီးခံရသည်ဆိုသည်နှင့်ပတ်သက်ပြီး ပြောစကား)(ကိုးကား-ရှေ့ဝတီ သတင်းဌာန)



"အခြေခံဥပဒေဆိုတာ စာအုပ်တစ်အုပ်ပဲ။ အဲဒီစာအုပ်နဲ့ ဂျီသရီး ဘယ်ဟာပိုပြင်းမလဲ။ စာအုပ်ပြင်းမလား။ စဉ်စားကြည့်ပါ။ တစ်ချက် ဖောင်းဆိုပစ်လိုက်ရင် စာအုပ်က ပေါက်သွားမှာပဲ"

**—ဒေါက်တာဆလိုင်းငွန်ကျုံးလျန်**

(မြန်မာ့ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးဗဟိုဌာန၏ ဥပဒေအကြံပေးက အခြေခံဥပဒေအသစ်ရေးဆွဲရေးကြိုးစားရာတွင် တပ်မတော်နှင့် ပြဿနာရှိနိုင်ပုံကို ပြောကြားချက်။)

"အမှန်အတိုင်းပြောရရင်ဒီလိုမျိုး မီတာခနှုန်းထားတွေတက်သင့်တယ်လို့တင်ပြခဲ့တာ ခြောက်လလောက်ရှိပြီ။တက်မယ့်အကြောင်းကိုပြောရမှာက ကျန်ခဲ့တဲ့တစ်လ၊ နှစ်လလောက်ကတည်းက ပြောသင့်တယ်။ ပြောသင့်မှန်းလည်းသိတယ်။ သို့သော် မပြောနဲ့ ပြောရင်စိတ်ဆင်းရဲမှာစိုးလို့ဆိုတာမျိုးနဲ့ မပြောဖြစ်ခဲ့တာ ဖြစ်တယ်"

**—ဦးအောင်ခိုင်၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ**

(မီတာခတက်ရခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌဦးအောင်ခိုင်က နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားချက်။)


7DAY NEWS
Vol.12, No.43 • JANUARY 1 , 2014



## ၂၀၁၃ ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ်

# ဆီးဂိမ်းရွှေဆုရှင်များ၊ မြန်မာအမျိုးသမီးဘောလုံးအသင်း

၂၀၁၃ အတွက် မြန်မာနိုင်ငံမှ အထင်ရှားဆုံးပုဂ္ဂိုလ် (Person of the Year)အဖြစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်အတွက် ရွှေတံဆိပ်ဆု ၈၆ ခု ရယူပေးခဲ့သော အားကစားသမားများနှင့် မြန်မာအမျိုးသမီးဘောလုံးအသင်းကို 7Day News Journal က ပူးတွဲရွေးချယ်လိုက်ပါသည်။



*ရွှေဆုရမြန်မာ့ဂုဏ်ဆောင်ကစားသမားတစ်ဦး ရွှေတံဆိပ်ဆုပြသနေစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



*အားကစားသမားများထားရမည့်စိတ်ဓာတ်ကို အကောင်းဆုံးပြသခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်း*

FLICKR.COM

၂၀၁၃ ခုနှစ်ကို ပြန်လည်ငဲ့ကြည့်လျှင် ကောင်းသတင်းများထက် မကောင်းသတင်းများက ပိုများခဲ့သောနှစ်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ကမ္ဘာကပင် အံ့သြတုန်လှုပ်သွားသည့် မတ်လ ၂၀ ရက်တွင်စတင်ဖြစ်ပွားခဲ့သော မိတ္ထီလာအကြမ်းဖက်မှုမှ ပဋိပက္ခမီးများသည် ဥက္ကံ၊ လားရှိုး၊ သံတွဲ စသော ဒေသများတွင်ပါ ဖြစ်ပွားခဲ့ပြီး ပြည်သူများ၏စိတ်နှလုံးကို ချုံးချုံးကျစေခဲ့သည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းရယူခြင်းကဲ့သို့ ကောင်းသတင်းအချို့ ရှိသော်လည်း ငြိမ်းချမ်းရေးတွင် ထင်သာမြင်သာ တိုးတက်မှုမရှိခဲ့ဘဲ အောက်တိုဘာလအရောက်တွင် နိုင်ငံတစ်ဝန်း ဗုံးစီးရီးက လူထုကို ကြောက်ရွံ့ထိတ်လန့်စေခဲ့ပြန်သည်။

သို့သော် နှစ်ကုန်ပိုင်းတွင် ပြည်သူများအတွက် ပျော်ရွှင်မှုများ၊ အားတက်ဖွယ်ရာများ၊ စည်းလုံးမှုများ၊ ဇာတိမာန်များ တက်ကြွလာအောင် စွမ်းဆောင်မည့်သူများ ပေါ်လာပါသည်။ နှစ်ပေါင်း ၄၄ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခွင့်ရသော ဆီးဂိမ်းတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ၈၆ ဆုရရှိအောင် စွမ်းဆောင်ပေးခဲ့သော အားကစားသမားများဖြစ်သည်။ အားကစားနည်း ၃၃ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ၂၄ မျိုးမှ အားကစားသမားများက နိုင်ငံအတွက် ရွှေတံဆိပ်များယူပေးကာပြည်သူများကို ပျော်ရွှင်စေခဲ့သည်။ ရွှေတစ်ခုရလိုက်တိုင်း ပြည်သူများကို ပီတိလှိုင်းလုံးများ ရိုက်ခတ်စေနိုင်ခဲ့သည်။ ၎င်းတို့၏ စွမ်းဆောင်ချက်ကြောင့် အာဆီယံနိုင်ငံအများစုထက် ဘက်ပေါင်းစုံနိမ့်ကျနေသော မြန်မာနိုင်ငံမှာ ဆုတံဆိပ်ရရှိမှုစာရင်းတွင် ထိုင်းနောက် အဆင့်(၂)နေရာမှ ဂုဏ်ရှိစွာရပ်တည်နိုင်ခဲ့သည်။ အားကစားဝန်ကြီးဌာနက ရွှေဆု ၁၀၀ မှန်းသည်ဆိုသော်လည်း အားကစားရေးရာကျွမ်းကျင်သူများနှင့် ပြည်သူများက ရွှေတံဆိပ် ထိုအရေအတွက်ထိ ရယူစွမ်းဆောင်နိုင်မည်ဟု မမျှော်မှန်းခဲ့ပေ။

မြန်မာအမျိုးသမီးဘောလုံးအသင်းမှာလည်း သုံးသင်းသာ အဓိကယှဉ်ပြိုင်ရသော ပြိုင်ပွဲတွင် ကြေးဆုသာရခဲ့သည့်အတွက် ရလဒ်မကောင်းသော်လည်း ထိုင်းအမျိုးသမီးအသင်းနှင့် အကြိုဗိုလ်လုပွဲတွင် သုံးနာရီကြာ ရေကုန်ရေခန်း၊ အနိုင်မခံ အရှုံးမပေး ယှဉ်ပြိုင်ခဲ့သော စိတ်ဓာတ်က ဆီးဂိမ်းပြိုင်ပွဲ၏အနှစ်သာရကို ပိုမိုပြည့်စုံစေခဲ့သည်။ ထိုင်းအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးခဲ့သော်လည်း မြန်မာအမျိုးသမီးအသင်း၏ တိုက်ပွဲဝင်စိတ်ဓာတ်ကြောင့် မြန်မာတစ်မျိုးသားလုံး ခေါင်းမော့ရင်ကော့ကာ ဂုဏ်ယူနိုင်ခဲ့သည်။ မြန်မာဘောလုံးပွဲ အများစုတွင် ပျောက်ဆုံးနေသော ပရော်ဖက်ရှင်နယ်ပီသမှု၊ တိုက်ပွဲဝင်စိတ်ဓာတ်၊ အားကစား၏ဝိညာဉ်၊ အားကစား၏ အလှတရားတို့ကို အဆိုပါပွဲက ပြသသွားခဲ့သည်။ ကိုယ့်အသင်းရှုံးလျှင်ပင် အားကစားသမားပီပီသသ ကစားလျှင် မြန်မာဘောလုံးပရိသတ်များ အားပေးမှုမလျော့၊ အချစ်မပြယ်ဘဲ ပရိသတ်များ အဆင့်အတန်းရှိရှိ အားပေးတတ်သည်ကို ထိုပွဲကပင် သက်သေပြသွားခဲ့သည်။

ထို့ကြောင့် ရွှေဆုရ မြန်မာအားကစားသမားများနှင့် အမျိုးသမီးဘောလုံးအသင်းကို 7Day News က ၂၀၁၃ ၏ အထင်ရှားဆုံးပုဂ္ဂိုလ်များအဖြစ် ရွေးချယ်ခြင်းဖြစ်ပါသည်။

မိတ္ထီလာအကြမ်းဖက်မှုတွင် လူ့အသက်ပေါင်း ၈၀၀ ကျော်ကို ကယ်တင်ခဲ့သော ရတနာဦးကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓ၊ သီတဂူဆရာတော်ကြီး၊ သမ္မတဦးသိန်းစိန်၊ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ မူတူးဆေးဖိုး၊ ကေအိုင်အေဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်၊ ဦးသိမ်းဝေ(ခေါ်)ဆာ့ချ်ပန်း၊ လွှတ်တော်နာယကသူရဦးရွှေမန်း၊ မိုးစက်ဝိုင်စသော ပုဂ္ဂိုလ်များ၊ သူတော်စင်ရဟန်းများမှာလည်း 7Day ၏ ပဏာမစာရင်းတွင်ပါဝင်ခဲ့သည်။ သို့သော် ၎င်းတို့အားလုံးကိုကျော်ဖြတ်၍ ဆီးဂိမ်းပြိုင်ပွဲဝင် ရွှေဆုရကစားသမားများနှင့် အမျိုးသမီးဘောလုံးအသင်းတို့က ပူးတွဲရွေးချယ်ခံရခြင်းဖြစ်ပါသည်။

# အားလုံးမျှော်လင့်သော ငြိမ်းချမ်းရေးက ရခဲ

**အောင်သူရ၊ အောင်ခိုင်**

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၃ခုနှစ်တွင်လည်း နောက်တစ်ဆင့် မတက်နိုင်သေးပေ။

၂၀၁၂ခုနှစ်တွင်အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၃ ဖွဲ့နှင့် ခိုင်မာသည့် အပစ်အခတ်ရပ်စဲရေး ရရှိအောင် မဆောင်ရွက်နိုင်ခဲ့သလို အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမရရှိသေးသော အဖွဲ့နှစ်ဖွဲ့နှင့်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရရှိခဲ့ပေ။

အစိုးရအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသော ကချင်လွတ်မြောက်ရေးအ ဖွဲ့ KIO/KIA, TNLA (တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်)နှင့်လည်း အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု မရရှိခဲ့ပေ။ ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) နှင့်သာ အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံး အပစ်ရပ် လက်မှတ်မရေးထိုးနိုင်သေးသော်လည်း ၂၀၁၃ ခုနှစ်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ထူးခြားမှုများ ရှိခဲ့သည်။ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ပေါင်း ၁၄ ဖွဲ့နှင့် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် သဘောတူစာချုပ်ပေါင်း ၃၇ ခု ချုပ်ဆိုနိုင်ခဲ့သည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူးတူးဆေးဖိုးနှင့် မြန်မာ့တပ်မတော်



*ကချင်ပြည်နယ်တစ်နေရာရှိ စစ်ပြေးဒုက္ခသည်စခန်းတစ်ခု*
ဓာတ်ပုံ-အောင်ခိုင်

ကာကွယ်ရေး ဦးစီးချုပ်တို့ သုံးကြိမ်တွေ့ဆုံခဲ့သည်။

တိုက်ပွဲများ မကြာခဏခဲ့သော KIO/KIA နှင့် အလွတ်သဘော ခြောက်ကြိမ်နှင့် တရားဝင် သုံးကြိမ်တွေ့ဆုံနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကချင်လွတ်လပ်ရေးအဖွဲ့တို့ မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နမ်ဗီးယား လေ့လာသူအဖြစ် ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီမှ ထိပ်ပိုင်းခေါင်းဆောင် သုံးဦးမှာ နှစ်ပေါင်း ၃၀ ကျော်အတွင်း ရန်ကုန်မြို့သို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့ကြသည်။

ကချင်လွတ်လပ်ရေးအဖွဲ့နှင့်အပစ်အခတ်ရပ်စဲရေးသဘောမတူနိုင်ခဲ့သော်လည်း တိုက်ပွဲများ အရှိန်လျှော့ချနိုင်ခဲ့ခြင်း၊ ပူတာအိုနှင့် ဗန်းမော်လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ဟု ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောသည်။ မြစ်ကြီးနားမြို့တွင်လည်း ကေအိုင်အေ အဖွဲ့၏ ဆက်ဆံရေးရုံး ဖွင့်လှစ်နိုင်ခဲ့ပြီး တိုက်ပွဲများ အရှိန်လျှော့ချနိုင်ရန်အတွက် နှစ်ဖက်စောင့်ကြည့်ရေးအဖွဲ့တို့ ဖွဲ့စည်းနိုင်ခဲ့သည်။ ထို့အပြင် KIO ဌာနချုပ် တည်ရှိရာ လိုင်ဇာမြို့တွင်၁၉၄၈ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၃၀ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များညီလာခံ ကျင်းပနိုင်ခဲ့ပြီး အဖွဲ့ ၁၇ဖွဲ့မှ ကိုယ်စားလှယ် ၁၀၂ ဦးတက်ရောက်ခဲ့ကြသည်။ သို့သော်ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နှင့် မိုင်းလားအဖွဲ့တို့ မတက်ရောက်ခဲ့ပေ။

လိုင်ဇာညီလာခံတွင် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များပြီးမှ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးမည်ဆိုသည့်အချက် အပါအဝင် ဘုံသဘောထားရပ်တည်ချက်(၁၁)ချက်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကိုယ်စားလှယ်များက အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) ကို ဖွဲ့စည်းနိုင်ခဲ့သည်။

လိုင်ဇာညီလာခံတွင် ဖက်ဒရယ် ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရေး လက်ရှိတပ်မတော်ကို အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ထားရှိရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လိုင်ဇာမြို့တွင် ဆွေးနွေးခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ခေါင်းဆောင်များနှင့်ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့သည် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ထူးခြားသည့် ရလဒ်မရရှိဘဲ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ဒီဇင်ဘာလအတွင်း ဘားအံမြို့တွင် ဆက်လက်ဆွေးနွေးရန် သဘောတူခဲ့ကြသည်။ သို့သော် အဆိုပါ ဆွေးနွေးပွဲမှာ ဒီဇင်ဘာအတွင်းမပြုလုပ်နိုင်ဘဲ ၂၀၁၄ ခုနှစ် ပြည်ထောင်စုနေ့ (ဖေဖော်ဝါရီ ၁၂) မတိုင်မီ ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိသည်။

အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပြန်လည်ဖြစ်ပွားနေသော တိုက်ပွဲများ အရှိန်လျှော့နိုင်ခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနက် အချို့မှာ စီးပွားရေးလုပ်ငန်းများ တရားဝင်လုပ်ကိုင်လာကြသည်။

"နှစ်ဦးပိုင်းမှာတော့ အများကြီး ပစ်ခတ်ခဲ့ကြတယ်။ နှစ်ကုန်ပိုင်းမှာတော့ လျော့သွားတယ်။ သဘောတူညီချက် ၃၀ ကျော်ထဲက နှစ်ချက်ပဲ အကောင်အထည်ဖော်ပြီးတော့ ကျန်တဲ့အချက်တွေ ဘယ်လိုအကောင်အထည် ဖော်မလဲဆိုတာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနဲ့ဆွေးနွေးနေကြတယ်" ဟု ရှမ်းသံတော်ဆင့်သတင်းစာမှ အယ်ဒီတာချုပ် ဦးခွန်ဆိုင်းက ဆိုသည်။

အပစ်အခတ် ရပ်စဲပြီး နောက်ပိုင်း သွားရေးလာရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် တိုးတက်မှုများရှိလာသော်လည်း ခိုင်မာမှု မရှိသည်ကို သိရှိလာပြီး နောက်ဒေသခံများမှာ စိုးရိမ်လာကြောင်း ကရင်အမျိုးသားအစည်းအရုံးအထွေထွေ အတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းက ပြောသည်။ ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အစိုးရထံတွင် တရားဝင်ကုမ္ပဏီလိုင်စင်ရယူ၍ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရန် မြဝတီမြို့၌ ရုံးဖွင့်လှစ်ခဲ့သည်။

"၂၀၁၃ ဟာ ထူးခြားတဲ့ နှစ်လို့တော့ ပြောလို့ရတယ်။ အရင်ကထက် စာရင်တော့ ငြိမ်းချမ်းရေးက နည်းနည်းထိရောက်လာတယ်။ အပစ်အခတ် ရပ်စဲရေး လက်မှတ်မထိုးနိုင်သေးပေမယ့် တိုးတက်လာတယ်။ အခုဆို အများပြည်သူ့ရှေ့မှာ ဆွေးနွေးနိုင်တယ်။ မြစ်ကြီးနားမှာ ပြည်သူတွေ ကချင်အလံကိုင်ပြီး ကြိုခွင့်ရတယ်။ အရင်ကဆို ကချင်အလံကိုင်တာနဲ့ အဖမ်းခံရတယ်"ဟု KIA မှ ထိပ်တန်းအရာရှိတစ်ဦးက ဆိုသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သော ဒုက္ခသည်များပြန်လည်နေရာချထားရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာမူ ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်သေးပေ။

လက်ရှိတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၄ ခုနှင့်

7DAY NEWS
CARTOON







7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014



ချုပ်ဆိုထားသော အပစ်အခတ် ရပ်စဲရေးမှာ ခိုင်မှုမှု မရှိဘဲ အချိန်မရွေးတိုက်ပွဲပြန်လည်ဖြစ်ပွားနိုင်သည့်အခြေအနေတွင်ရှိနေသည်။

ထို့ကြောင့် ခိုင်မာသည့် အပစ်အခတ် ရပ်စဲရေးပြုလုပ်ရန်အတွက် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးလက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဆက်လက်ကြိုးပမ်းနေကြသည်။

အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေး ဆွေးနွေးပွဲများ ပြုလုပ်ရန် တရားဝင်ပြောဆိုလာခြင်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တိုးတက်မှုပင်ဖြစ်ကြောင်းကရင်အမျိုးသားအစည်းအရုံးအထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းက ဆိုသည်။

တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ဖွဲ့စည်းထားသော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ တို့သည် ဒီဇင်ဘာလကုန်ပိုင်း တွင် ချင်းမိုင်မြို့၌ အလွတ်သဘောဆွေးနွေးကြမည် ဖြစ်သည်။

"ဆွေးနွေးနေတာ ၅၀ ရာခိုင်နှုန်း သဘောတူညီချက်ရတယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက အများစုကတော့ မတူညီတာက စကားလုံးအသုံးအနှုန်းတွေမှ ဖြစ်နေတယ်။ ဒါကြောင့် ၂၀၁၄ မှာတော့ အခြေအနေကောင်းနိုင်တယ်" ဟု RCSS/SSA မှ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက ပြောသည်။

တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးဆောင်ရွက်မှုအတွက် စိန်ခေါ်မှုများစွာ ရှိနေသည်။ တစ်ဖက်နှင့်တစ်ဖက် မယုံကြည့်မှုဖြစ်နေသည်များကို မကြာခဏတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ယုံကြည်မှုရရှိအောင် တည်ဆောက်သွားရန် လိုသည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်အချို့က သုံးသပ်သည်။

# တရားခံတွေဘယ်မှာလဲ

**သန်းဌေး၊ အောင်သစ်လွင်၊ အေးမြတ်သူ**

၂၀၁၃ ခုနှစ်၊ တစ်နှစ်တာအတွင်းဖြစ်ပွားခဲ့သည့်မှုခင်းကြီးများ၏တရားခံများအားဖော်ထုတ်အရေးမယူနိုင်သေးသည့်အမှုများရှိနေသည်။တစ်နိုင်ငံလုံးမှစိတ်ဝင်စားခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ ဇဟားချောင်းတံတားအနီးတွင် (ချစ်သူများနေ့) ဖေဖော်ဝါရီ ၁၄ရက် နံနက်တွင် အမျိုးသမီးတစ်ဦး အသတ်ခံခဲ့ရသည်။ ခေါင်းတခြားကိုယ်တခြားရှာတွေ့ခဲ့သည်။

အဆိုပါလူသတ်တရားခံကို မဆိုထားနှင့် သတ်ခံရသူကိုပင် ယနေ့အထိမသိနိုင်သေးသည့်အဖြစ်မှာ ဆိုးရွားလွန်းလှသည်။ ယင်းအမှုကို နေပြည်တော်မှ မှုခင်းတပ်ဖွဲ့ကိုယ်တိုင် ဘက်ပေါင်းစုံက ကြိုးစားဖော်ထုတ်နေသော်လည်းအမှုမှန်နှင့်တရားခံကိုယနေ့တိုင် ဖမ်းမမိသေးပေ။

"မှုခင်းဖြစ်စဉ်တချို့မှာ သဲလွန်စတွေပျောက်ပြီး သက်သေအထောက်အထား မခိုင်လုံတဲ့ အခြေအနေရောက်ကာမှ စီအိုင်ဒီကိုလွှဲတာမျိုးတွေရှိတယ်။ အချို့နယ်ဘက်က ရဲတပ်ဖွဲ့ဝင်တွေ အတွေ့အကြုံနည်းလို့ ရှုပ်ထွေးသွားတဲ့အမှုတွေလည်းရှိပါတယ်" ဟု မှုခင်းတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကပြောသည်။

တရားဥပဒေစိုးမိုးမှုမရှိခြင်း၏ ပြယုဂ်ဖြစ်သောအခြားအမှုတစ်ခုမှာပဲခူးတိုင်းဒေသကြီး၊ပြည်နဝဒေးတံတားအနီးတွင် ဧပြီ ၂၃ ရက်ညက ဖြစ်ပွားခဲ့ပြီး စုံတွဲတစ်တွဲအား လုယက်သတ်ဖြတ်မှုကြောင့် အမျိုးသားတစ်ဦးသေဆုံးခဲ့သည်။ထိုအမှုမှာအချိန် ကိုးလကျော်ကြာသည့်တိုင် တရားခံမည်သူဖြစ်ကြောင်း ယနေ့အထိမဖော်ထုတ်နိုင်သေးပေ။ သေဆုံးသူနှင့် အတူ လုယက်ခံရပြီး ဒဏ်ရာများနှင့်ဆေးရုံရောက်ခဲ့သည့်အမျိုးသမီးက တရားခံများကိုသိရှိ၍ ဖော်ထုတ်ပြောဆိုသော်လည်း တပ်မတော်က ၎င်း၏တပ်ဖွဲ့ဝင်များသည်တရားခံမဟုတ်ကြောင်းငြင်းဆိုလိုက်သောကြောင့် လူသတ်မှုမှာ ပိုမိုရှုပ်ထွေးသွားသည်။

"အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ရဲတပ်ဖွဲ့ဝင်အင်အား အရမ်းနည်းတယ်။ ရဲအချိုးအစားနဲ့ ရဲတပ်ဖွဲ့ဝင်အင်အားမမျှဘူး။ ဒါကြောင့် အမှုလိုက်တဲ့နေရာမှာ အခက်အခဲရှိပါတယ်"ဟုနေပြည်တော်မှုခင်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကပြောသည်။

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် အသက်ငါးနှစ်အရွယ် သူငယ်တန်းကျောင်းသူလေးတစ်ဦး အဓမ္မပြုကျင့်ခံခဲ့ရသည်။ အဆိုပါအမှုနှင့်ပတ်သက်၍ အဓမ္မပြုကျင့်ခံရသော ပအို့ဝ်တိုင်းရင်းသူကလေးငယ်က တရားခံမှာ လူကြီးတစ်ဦးဖြစ်သည်ဟု ဆိုသော်လည်း မြို့နယ်ရဲတပ်ဖွဲ့မှ ငါးနှစ်အရွယ်အတန်းဖော်ကျောင်းသားကလေးငယ် ၁၇ဦးကို သံသယရှိသူများအဖြစ် စစ်ဆေးရန်စီစဉ်ခဲ့သည်။ ထို့ကြောင့် ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များအားကျောင်းသားမိဘများနှင့် ပညာရေးဌာနမှ ဝေဖန်ရှုတ်ချခဲ့ကြသည်။

အမှုဖြစ်ပွားပြီး သုံးလခန့်ကြာချိန်တွင် စီအိုင်ဒီရဲတပ်ဖွဲ့မှ အမှုတွဲအား လွှဲပြောင်းယူခဲ့ရသည်။ ထို့နောက် စီအိုင်ဒီအဖွဲ့၏ စစ်ဆေးချက်အရ ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့ စွပ်စွဲသကဲ့သို့ အဓမ္မပြုကျင့်သူမှာ သူငယ်တန်းကျောင်းသားလေးများမဟုတ်ဘဲ ဆိုင်ကယ်ကယ်ရီမောင်းသူတစ်ဦးဖြစ်ကြောင်း ဖော်ထုတ်ခဲ့သော်လည်း တရားခံမှာ လွတ်မြောက်နေဆဲဖြစ်သည်။

ယခုနှစ်အတွင်းလူအများအံ့ဩသွားသော တရားခံများအရေးယူမခံရသည့် မှုခင်းသတင်းတစ်ခု ထွက်ပေါ်လာသည်။ မူးယစ်ဆေးဝါးသုံးစွဲနေသူများအား ၂၀၀၈ ခုနှစ်အတွင်း ခေါ်ယူစစ်ဆေးခဲ့သည့်အမှုတွဲမှတ်တမ်းများကို မိုးဇေညိမ်းဆိုသူက ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ယခုနှစ် နိုဝင်ဘာလကုန်ပိုင်းက ဖော်ပြခဲ့သည်။

"အဲဒီအမှုကို စစ်ဆေးစဉ်က



ကျော်ဝင်းစိန်(ခ)ကျင်စိမ်း၏မှတ်တမ်းပုံ

တရားခံ ၁၀ ဦးနဲ့ပတ်သက်ပါဝင်သူ ၃၃ ဦးကို စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးခံခဲ့ရသူအများစုဟာ အနုပညာလောကသားတွေဖြစ်ပါတယ်။ အာဏာပိုင်ဆိုတဲ့အကာအကွယ်ကိုယူပြီး တရားဥပဒေချိုးဖောက်တဲ့လူတစ်စုအကြောင်းပါ။ ဥပဒေနဲ့ငြိစွန်းတဲ့ကိစ္စတွေပြုလုပ်ခဲ့သူတွေကို အရေးယူဖို့ပျက်ကွက်ခဲ့တဲ့ဖြစ်စဉ်တစ်ခုကို ဖော်ထုတ်တာပါ။ ဒါဟာ စစ်အစိုးရအုပ်ချုပ်ခဲ့တဲ့ အနှစ် ၂၀ ကာလအတွင်းမှာ အာဏာအလွဲ သုံးစားပြုမှုတွေ အမျိုးမျိုးထဲက သေးသေးမွှားမွှား ကိစ္စလောက်ပဲရှိပါဦးမယ်။ ဒီအမှုတွဲမှာ ပါဝင်ပတ်သက်သူတွေဟာ မင်းသား၊ မင်းသမီးဖြစ်ဖြစ်၊ အရပ်သားဖြစ်ဖြစ် ဘယ်လိုလူပဲဖြစ်နေနေ ပါဝင်ပတ်သက်နေရင်တော့ ဖော်ပြမှာဖြစ်ပါတယ်"ဟု မိုးဇေငြိမ်းက ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ရေးထားသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း လူသုံးဦးသေဆုံးကာ ကိုးဦးဒဏ်ရာရခဲ့သည့် ဗုံးပေါက်ကွဲမှုဆယ်ကြိမ်ကို အဓိကဆောင်ရွက်ခဲ့သူမှာ ကရင်အမျိုးသားအစည်းအရုံး ကေအင်န်ယူအဖွဲ့ဝင် စောနေတိုးဖြစ်ကြောင်း အစိုးရက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ခဲ့သည်။ သို့သော် ယနေ့အချိန်ထိ ၎င်းကိုဖမ်းဆီးနိုင်ခြင်းမရှိသေးပေ။

ထို့အတူ ရန်ကုန်တိုင်းဒေသ



နေတိုး(ခ)စောရွှေထူး

ကြီး၊ တွံတေးမြို့နယ် ကားလမ်းပေါ်တွင် နိုဝင်ဘာ ၆ ရက်နေ့ခင်းအချိန်၌ ဆိုင်ကယ်စီးလာသည့် ဇနီးမောင်နှံနှစ်ဦးကိုကြိုးတုပ်ခေါ်ကာ အက်ရှင်ဇာတ်ကားဆန်ဆန် ငွေကျပ်သိန်း ၂,၀၀၀တောင်းသည့် ပြန်ပေးဆွဲမှု တရားခံသုံးဦးတွင် ခေါင်းဆောင်ကို ယနေ့တိုင်ဖမ်းဆီးနိုင်ခြင်းမရှိသေးပေ။ ထို့အပြင် နိုဝင်ဘာ ၁၁ ရက် ညဥ့်သန်းခေါင်အချိန်တွင် မင်္ဂလာဒုံမြို့နယ်အတွင်း၌ ရာအိမ်မှူး၏ချွေးမနှင့် မြေးတို့နှစ်ဦးအား လည်ပင်းလှီးဖြတ်သတ်ခဲ့သည့် တရားခံမှာလည်း ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်။

အလားတူ ဒီဇင်ဘာ ၆ ရက်တွင် မူဆယ်မြို့ ဆယ်လန်ရွာ၌ လက်ဖက်စိုက်ခင်းအတွင်းနေထိုင်သည့် လီဆူးတိုင်းရင်းသားမိသားစုဝင်သုံးဦးအသတ်ခံခဲ့ရသကဲ့သို့ကရင်ပြည်နယ်၊သံတောင်မြို့နယ်၊ ရာဘာခြံအတွင်းနေထိုင်သည့်မိသားစုဝင်လေးဦးသတ်ဖြတ်ခံရသည့်မှုခင်းများတွင် လူသတ်တရားခံအား ဖော်ထုတ်မဖမ်းဆီးနိုင်သေးကြောင်းသိရှိရသည်။

"အစိုးရသစ်လက်ထက်မှာ အောက်ခြေရဲတပ်ဖွဲ့ဝင်တွေ ခံစားခွင့်ပိုရတယ်ဆိုပေမယ့် လိုအပ်ချက်တွေအများကြီးရှိနေပါသေးတယ်။ အမှုလိုက်တဲ့နေရာမှာ ရဲတပ်ဖွဲ့ချင်းနားလည်မှုလွဲတာမျိုးလည်းရှိပါတယ်။ သူများနိုင်ငံတွေမှာ ရဲတပ်ဖွဲ့ဝင်အချင်းချင်း ချိတ်ဆက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သုံးနေတဲ့အင်တာနက်နည်းပညာကို မြန်မာနိုင်ငံမှာ မသုံးနိုင်သေးတာလည်း မှုခင်းတွေလိုက်ရာမှာ လိုအပ်ချက်တစ်ခုပါ"ဟုနေပြည်တော်သတင်းရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ၎င်းတို့၏ လိုအပ်ချက်ကို နိုင်ငံတကာရဲများနှင့်နှိုင်းယှဉ်ကာ သုံးသပ်ပြောသည်။

"အခုဟာက အမှုတွေဖြစ်လာရင် ကျွန်တော်တို့က တရားခံဖော်ထုတ်ဖို့တာဝန်ရှိတယ်ဆိုပြီး ရဲအတတ်ပညာနဲ့ဆောင်ရွက်ဖို့ လုပ်ပိုင်ခွင့်ရဖို့နေနေသာ မှားရင် အလုပ်ပြုတ်မှာစိုးတော့ မပြုတ်အောင်သတိထားနေရတယ်။ ပြီးတော့ အရည်အချင်းမီလည်းရာထူးကမတိုးဘူး။ စစ်တပ်ကလူတွေပဲ ရာထူးအကြီးကြီးယူပြီး ကျွန်တော်တို့ကို အုပ်ချုပ်နေတယ်။ ရဲလုပ်ငန်းကိုကျွမ်းကျင်ပြီး တကယ်တော်လို့အောက်ခြေကနေအဆင့်ဆင့်တက်လာပြီး ရဲမှူးကြီးဖြစ်လာတာဆို တစ်ယောက်ပဲရှိဖူးသေးတယ်။ ဒီတော့ အမှုတွေမပေါ်တာ တရားခံသိလည်း မဖမ်းနိုင်တာဘာဆန်းလို့လဲ"ဟု ရဲလုပ်သက်ဆယ်နှစ်ကျော်ပြီး ဘွဲ့ရပညာတတ် ကွန်ပျူတာသုံးတတ်သော်လည်း အထက်အရာရှိနှင့်အဆင်မပြေ၍ ရာထူးမတက်သည့်ရဲတပ်ကြပ်တစ်ဦးကပြောသည်။

မန္တလေးတွင် သုံးလောင်းပြိုင်လူသတ်မှုကိုစီစီတီဗီကင်မရာအကူအညီဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီးနောက် မန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိန်ထွန်းကမန္တလေးမြို့အနှံ့ စီစီတီဗီကင်မရာများတပ်ဆင်ရန် ယူအမ်ဒီပီကို အကူအညီတောင်းထားကြောင်းပြောသည်။







## facebook hit

### ၂၀၁၃ လူကြိုက် အများဆုံး သတင်း (၃) ပုဒ်



■ 7Day News ဂျာနယ်တွင် နိုဝင်ဘာ ၂၀ ရက်၌ ဖော်ပြခဲ့သော သတင်းထောက်အေးသူစံ ရေးသားသည့် "သမ္မတ၏ အမျိုးသမီးကိုယ်ရံတော်" ဆောင်းပါးမှာ ၂၀၁၃ တွင် လူကြိုက်အများဆုံး ဆောင်းပါးဖြစ်သည်။ သမ္မတ၏ ကိုယ်ရံတော်တစ်ဦးဖြစ်သော အမျိုးသမီးလုံခြုံရေးအရာရှိ ဒုရဲအုပ်ဇာဇာအောင်၏ ဘဝဖြတ်သန်းမှုနှင့် ခံယူချက်တို့ကို ရေးသားထားသောဆောင်းပါးဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွက် ဖေ့စ်ဘွတ်ခ်သုံးစွဲသူ ပရိသတ်များအကြိုက်ဆုံးဖြစ်ခဲ့သည်။ အဆိုပါ ဆောင်းပါးနှင့် ဓာတ်ပုံကိုဖေ့စ်ဘွတ်ခ်သုံးစွဲသူ ၁၈,၀၉၂ဦး Like လုပ်ထားပြီး ၇,၂၆၃ ဦးက ပြန်လည်ဖြန့်ဝေကာ မှတ်ချက်ပေးသူ ၂,၁၆၄ ဦးရှိခဲ့သည်။



■ သတင်းထောက် အေးမွန်ရာပြည့် ရေးသားသည့် "ပြည်သူ့ ချန်ပီယံအသင်းမှ ကြယ်တစ်ပွင့် ဆောင်းပါး" နှင့် ဇာတ်ကောင်ဖြစ်သူ မသန်းသန်းထွေးကို အမျိုးသမီးလက်ရွေးစင်အသင်းသူများ ဝိုင်းဝန်းနမ်းရှုပ်နေသည့် ဓာတ်ပုံကို ဒီဇင်ဘာ ၂၅တွင် တွဲဖက်တင်ဆက်ခဲ့ရာ ၂၀၁၃ ခုနှစ်အတွက် ဖေ့စ်ဘွတ်သုံးစွဲသူများ ဒုတိယအကြိုက်ဆုံးဖြစ်ခဲ့သည်။ အဆိုပါ ဆောင်းပါးနှင့်ဓာတ်ပုံကိုဖေ့စ်ဘွတ်ခ်သုံးစွဲသူ၉,၃၃၉ဦးက Like လုပ်ထားပြီး ၁,၅၁၃ ဦးကပြန်လည်ဖြန့်ဝေခဲ့ကာ မှတ်ချက်ပေးသူ ၆၇၁ ဦးရှိခဲ့သည်။




■ နိုင်ငံတော် သမ္မတဦးသိန်းစိန်၏ ဧပြီလ ၂၀ ရက်တွင် ကျရောက်သော (၆၈)နှစ်မြောက်မွေးနေ့ကို ဆုတောင်းသည့် အနေဖြင့် လူငယ်ဂရပ်ဖစ်တီသမားအာကာကျော်က သမ္မတ၏ပုံတူဂရပ်ဖစ်တီကိုချော်တွင်းကုန်းမီးပွိုင့်အနီး၌ ၂၀၁၃ ခုနှစ် ဧပြီလ ၂၀ ရက်က ရေးဆွဲခဲ့သည့် ဂရပ်ဖစ်တီ သတင်းဓာတ်ပုံမှာ တတိယလူကြိုက်အများဆုံးဖြစ်သည်။ အဆိုပါဂရပ်ဖစ်တီကို ထိုနေ့မှာပင် အာဏာပိုင်များက လာရောက်ဖျက်သွားခဲ့သည်။ ဓာတ်ပုံသတင်းထောက် ဂျေမောင်မောင် (အမရပူရ) ရိုက်ကူးခဲ့သော အဆိုပါသတင်းဓာတ်ပုံကို ဖေ့စ်ဘွတ်ခ်သုံးစွဲသူ ၄,၂၂၇ ဦးက Like လုပ်ခဲ့ကာ ၁,၁၃၃ ဦးက ပြန်လည်ဖြန့်ဝေပြီး မှတ်ချက်ပေးသူ ၂၀၆ ဦးရှိခဲ့သည်။

# ၁၅၀၀ တန်ဆင်းမ်ကတ်နှင့် အော်ပရေတာနှစ်ခု အစပြုချိန်

■ ဆွေမွန်




*၁၅၀၀ တန်ဖုန်းကတ် မဲပေါက်သူတစ်ဦးက ကတ်ကိုပြသနေစဉ်*

ဓာတ်ပုံ - ကျော်ဇင်သန်း

၂၀၁၃ သည် ဆက်သွယ်ရေးကဏ္ဍတွင် အပြောင်းအလဲများ တိုးတက်ဖြစ်ပေါ်ခဲ့သည့်နှစ် ဖြစ်သည်။ အထူးသဖြင့် မိုဘိုင်း ဆင်းမ်ကတ်များကို အများပြည်သူ မျှော်လင့်ထားသည့်အတိုင်း ကျပ် ၁၅၀၀ ဖြင့် သတ်မှတ်ရောင်း ချပေးခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဆက်သွယ်ရေးကဏ္ဍ တစ်ခုလုံးကို ပြောင်းလဲပေးနိုင်မည့် ဆက်သွယ်ရေးဆိုင်ရာ မိုဘိုင်းကွန်ရက်များ တိုးချဲ့ရန်အတွက် အော်ပရေတာကုမ္ပဏီများကိုလည်း ပွင့်လင်းမြင်သာစွာ စနစ်တကျ တင်ဒါခေါ် ဆို ရွေးချယ်ခဲ့သည်။

၂၀၁၃ ခုနှစ် ဧပြီလ နောက်ဆုံးပတ်အတွင်း MEC Tel အမှတ်တံဆိပ်ပါ CDMA 800 MHz ဆင်းမ်ကတ်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက်လစဉ်အလုံးရေသုံးသိန်းခွဲဖြင့် သုံးလကျော် ရောင်းချပေးခဲ့သည်။ ထို့နောက်ပိုင်းတွင် GSM နှင့် WCDMA ဆင်းမ်ကတ်များကိုပါ ထည့်သွင်းရောင်း ချပေးခဲ့သည်။

ကျပ်၁၅၀၀တန်ဆင်းမ်ကတ်များ ဝယ်ယူအသုံးပြုရာတွင် ရပ်ကွက်၊ ကျေးရွာများတွင် မဲစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်ခြင်း၊ ဝယ်ယူပြီး ဖုန်းများကိုလည်း လစဉ်ကျပ် ၂၅၀၀ အနည်းဆုံးသုံးစွဲရန်၊ လစဉ်မသုံးစွဲပါက အလိုအလျောက်ဖြတ်တောက်သွားမည်ဖြစ်ပြီး မိုဘိုင်းဆင်းမ်ကတ် ရရှိသည်နှင့် တစ်ပြိုင်နက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အလိုအလျောက် လိုင်းပိတ်ခြင်းများ အစရှိသည့် စည်းကမ်းသတ်မှတ်ချက်များပါ တစ်ပါတည်းပါဝင်လာခဲ့သည်။

ထို့ပြင် အဓိက ကျသည့် မိုဘိုင်းဆင်းမ်ကတ်များ ရောင်းချပေးရာတွင် မဲစနစ်ဖြစ်သည့် အလျောက် မသမာမှုများနှင့် လာဘ်ပေး၊ လာဘ်ယူ ကိစ္စရပ်များပါ ဆက်နွယ်ပါဝင်လာခဲ့သည်။ တိုင်းဒေသကြီး အသီးသီးရှိ မြို့နယ်နှင့် ကျေးရွာအများစုတွင် မဲစနစ်ဖြင့် ရောင်းချပေးရာ၌ မသမာမှုအများအပြား ဖြစ်ပေါ်ခဲ့သည်။ ဌာနဆိုင်ရာများပါ ဝင်ရောက်ဖျန်ဖြေပေးရသည့် အမှုကိစ္စများလည်းရှိလာခဲ့သည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကွန်ရက် ချဲ့ထွင်ရန်အတွက်လည်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် နှစ်ခုကို ချထားပေးနိုင်ရန် ၂၀၁၂ ခုနှစ် ဇူလိုင်လအတွင်းက နိုင်ငံပိုင် သတင်းစာများတွင် တင်ဒါခေါ်ခဲ့သည်။ ခေါ်ယူလျှောက်ထားသောကုမ္ပဏီများမှ အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး နော်ဝေး အခြေစိုက် တယ်လီနော နှင့် အော်ရီဒူးတို့ကို ဇွန်လအတွင်း၌ပင် ရွေးချယ်ခဲ့သည်။

ဆက်သွယ်ရေးလိုင်စင်နှစ်ခုအတွက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလလယ်မှစ၍ တင်ဒါလာရောက်လျှောက်ထားသည့်ကနဦးလျှောက်ထားသော ကုမ္ပဏီ ၉၁ ခုမှ အဆင့်ဆင့်ရွေးချယ်ခဲ့သည်။ နောက်ဆုံးကျန်ရှိသည့် ကုမ္ပဏီ ၁၁ ခုတွင် အချက် ၂၀၀ ကို အခြေခံပြီး နော်ဝေးနိုင်ငံ အခြေစိုက်တယ်လီနော ကုမ္ပဏီနှင့် ကာတာနိုင်ငံ အခြေစိုက် အော်ရီဒူးကုမ္ပဏီတို့ ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းများအတွက် အဓိကကျသည့် ဆက်သွယ်ရေး ဥပဒေကြမ်းကို အတည်ပြုနိုင်ရန် အကြံပြု ဆွေးနွေးလိုသူများကို ဇူလိုင်လအတွင်းက ဖိတ်ခေါ်ဆွေးနွေးခြင်း၊ အော်ပရေတာ လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှသာ လုပ်ကိုင်ရန်အတွက် ပြည်သူ့လွှတ်တော်တွင် အရေးကြီး အဆိုများတင်သွင်းပြီး အောက်တိုဘာတွင် ဆက်သွယ်ရေးဥပဒေကို အတည်ပြုနိုင်ခဲ့သည်။

ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီး သုံးလအတွင်း နည်းဥပဒေထွက်ရှိပြီးမှသာ အော်ပရေတာလုပ်ကိုင်ခွင့်ရထားသည့် ကုမ္ပဏီများအနေဖြင့် တရားဝင် လုပ်ငန်းလိုင်စင် ရရှိမည်ဖြစ်ရာ အော်ပရေတာလုပ်ငန်းများကို လည်း ၂၀၁၄ ခုနှစ်အတွင်း စတင်နိုင်ရန် ခန့်မှန်းထားကြောင်း အဆိုပါ အော်ပရေတာကုမ္ပဏီများက ပြောသည်။

၂၀၁၃ ခုနှစ်အတွင်း အပြောင်းအလဲ အများအပြားပြုလုပ်ခဲ့သည့် ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များကိုလည်း ဧပြီလမှ စတင်ရောင်းချပေးခဲ့ရာ ၂၀၁၃ ခုနှစ်အကုန်အထိ မိုဘိုင်းဆင်းမ်ကတ်ရေ ၃ ဒသမ ၂ သန်းခန့် ရောင်းချပေးခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်း ဆင်းမ်ကတ်များ အပါအဝင် လက်ရှိရောင်းချပေးခဲ့သည့် ဖုန်းလိုင်းအရေအတွက်မှာ ခုနစ်သန်းနီးပါးအထိ ရှိနေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး၏ စာရင်းများအရ သိရသည်။

တန်ဖိုးနည်း မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းများအတွက်လည်း နည်းဥပဒေမှာ ၂၀၁၄ ခုနှစ်ဇန်နဝါရီအတွင်း ထွက်ရှိမည်ဟု ကွန်ပျူတာပညာရှင်များက ခန့်မှန်းထားကြရာ ၂၀၁၃ အလွန် ၂၀၁၄ ခုနှစ်အတွင်း ရှစ်လအတွင်း ဆက်သွယ်ရေးကဏ္ဍအတွက် ပြုပြင်ပြောင်းလဲမှုအများအပြား ရှိလာမည် ဖြစ်သည်။

**၃၂၃**

၂၀၁၃ နှစ်စမှ (ဒီဇင်ဘာ ၁၁ အထိ) အစိုးရက အကျဉ်းသား ၃၅၈ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။ ၎င်းတို့ထဲတွင် နိုင်ငံရေးအကျဉ်းသား ၃၂၃ဦး ပါဝင်ခဲ့သည်။

# ၂၀၁၃ နှင့် အနုပညာ ဖြစ်ရပ် ၇ ခု

၂၀၁၃ ခုနှစ်အတွင်း အနုပညာရှင်များ၏ သတင်းများ၊ လှုပ်ရှားမှုများနှင့် အဖြစ်အပျက်များထဲမှ ပရိသတ်ရင်ကိုလှုပ်ခတ်စေခဲ့သော ဖြစ်ရပ်နှင့် အကြောင်းအရာ(၇) ခုကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။






















**၁** နာမည်ကျော် မင်းသမီးများ၏ မင်္ဂလာပွဲသတင်းများ ၂၀၁၃ နှစ်ကုန်ခါနီးတွင် ဆက်တိုက်ဆိုသလိုပေါ်ထွက်လာခဲ့သည်။ သက်မွန်မြင့်၊ မယ်လိုဒီ၊ ချစ်သုဝေ၊ ဝိုင်းစုခိုင်သိန်းနှင့် အဆိုတော် သီရိဆွေတို့က ၎င်းတို့၏ လက်တွဲဖော်များနှင့် ၂၀၁၄ ခုနှစ်တွင် အသီးသီး ရွှေလက်တွဲတော့မည့်အကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

**၂** ရော့ခ်စတားကြီးလေးဖြူ၏ သီချင်းသစ် "ဒိုင်ယာရီ" တစ်ပုဒ်တည်းကို ပထမဆုံးအဖြစ် အွန်လိုင်းမှတစ်ဆင့်ရောင်းချခဲ့ရာဝယ်ယူသူများပြားခဲ့ပြီး ပရိသတ်များ နှစ်ခြိုက်စွာ အားပေးခဲ့ကြသည်။

**၃** "မီးအိမ်ရှင်" သီချင်းဖြင့် အောင်မြင်ကျော်ကြားခဲ့သော လူငယ်အဆိုတော် ဆိုတေးသည် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၄ ရက်က တောင်သာသို့ ဖျော်ဖြေရန်သွားစဉ် ရန်ကုန်-မန္တလေးလမ်း၌ ယာဉ်တိမ်းမှောက်ခဲ့ကာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့်ဆိုတေး၏ ဇနီးဖြစ်သူ သေဆုံးသွားခဲ့ပြီး ဆိုတေးသည်လည်း အချိန်ကြာမြင့်စွာ ဆေးကုသမှုခံယူခဲ့ရသည်။

**၄** နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအနေဖြင့် မယ်စကြဝဠာ ပြိုင်ပွဲတွင်မြန်မာနိုင်ငံက ပြန်လည်ယှဉ်ပြိုင်ခွင့်ရခဲ့ရာ မယ်စကြဝဠာမြန်မာအဖြစ် ရွေးချယ်ခံခဲ့ရသော မိုးစက်ဝိုင်ကို အားပေးခဲ့ကြပြီး မဲပေးခဲ့ကြသော်လည်း ၎င်းမှာ ဆုတစ်ဆုမျှ မရရှိခဲ့ပေ။

**၅** ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အလှမယ်များ နိုင်ငံတကာမယ် ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်မှု ပိုမိုများလာပြီး ယင်းတို့၏ ပြိုင်ပွဲဝင် ဘီကီနီဝတ်စုံ ဝတ်ဆင်ပုံများကလည်း အထူးရေပန်းစားခဲ့သည်။

**၆** မြန်မာပရိသတ်များ နှစ်ခြိုက်ခဲ့သည့် ထိုင်းသရဲကား Pee Mak ဇာတ်ကားထဲမှ မင်းသမီး Davika Hoorne သည် ဆီးဂိမ်းလှုပ်ရှားမှုမြှင့်တင်ရန်နှင့် ပရိသတ်တွေ့ဆုံရန် ဒီဇင်ဘာ ၃ ရက်က မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

**၇** တစ်နှစ်တာအတွင်း တေးစီးရီးမြောက်မြားစွာ ထွက်ရှိခဲ့သည့်အနက် လူငယ်ကြိုက်လူငယ် ဟစ်ဟော့ပ် အဆိုတော် လွှမ်းပိုင်နှင့် Bobby Soxer တို့၏ ဒုံးပျံစီးရီးမှာ ရောင်းအားစံချိန်တင်ခဲ့ပြီး လူငယ်ပရိသတ် တစ်ခဲနက် အားပေးမှု ရရှိခဲ့သည်။

# အနုပညာရှင်များနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု

■ ကြူကြူဟန်၊ ဖွဲ့ညက်

၂၀၁၃ ခုနှစ်ကို ပြန်ငဲ့ကြည့်မည်ဆိုပါက အနုပညာအရည်အသွေးပြောင်မြောက်ပြီး မှတ်ကျောက်တင်နိုင်လောက်သည့် ထွက်ကုန်များ အသိအမှတ်ပြုရလောက်အောင် ပေါ်ထွက်ခဲ့ခြင်းမရှိသော်လည်း နိုဝင်ဘာလကုန်တွင်တော့အနုပညာလောကတစ်ခုလုံး အုတ်အော်သောင်းတင်းဖြစ်ခဲ့ရသည့် အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ပါသည်။

ပရိသတ်များ ပါးစပ်အဟောင်းသားဖြစ်ရလောက်အောင် ပေါ်ထွက်ခဲ့သည်က လွန် ခဲ့သောငါးနှစ်ခန့်က မင်းသမီး နှစ်ဦးကို မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ပတ်သက်၍ မေးမြန်းချက်များပါဝင်သည့် စစ်ချက်များပင်ဖြစ်သည်။ ယနေ့အနုပညာလောကတွင် ထိပ်တန်းရောက်နေသူများ၏ အမည်နာမများနှင့် သူတို့၏ ဆေးဝါးသုံးစွဲမှုများ တသီတတန်းကြီးပါဝင်သောစစ်ချက်ကိုမိုးဇေငြိမ်းဟူသောအမည်ဖြင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် တင်ခဲ့ရာမှ တစ်ဆင့် ပျံ့နှံ့သွားသည်။

၂၀၁၃ ခုနှစ်အတွင်းမှာပင် နာမည်ကျော်သရုပ်ဆောင်များဖြစ်သည့် ရဲတိုက်အပါအဝင် ဘုန်းလျှံနှင့် ဂီတလောကမှ အနုပညာရှင်အချို့ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှု၊ သုံးစွဲမှုတို့ဖြင့် ဖမ်းဆီးအရေးယူခံခဲ့ရသည်။ ၂၀၁၃ ဇူလိုင်လ ပထမပတ်ကတည်းက ကျောက်တံခါးမြို့တွင် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုဖြင့် အချုပ်ချခံရကာ အမှုရင်ဆိုင်နေရသည်မှာ ယခုအချိန်ထိပြီးပြတ်ခြင်းမရှိသေးပေ။

၂၀၀၈ ခုနှစ်က မင်းသမီးစိုးမြတ်သူဇာနှင့် နဝရတ်တို့ကို ရန်ကုန်မူးယစ်အထူးအဖွဲ့က စစ်မေးထားသည့် စစ်ချက်များတွင် ကွယ်လွန်သွားပြီဖြစ်သော စူပါစတားမင်းသားဒွေးအပါအဝင်နာမည်ကြီးသရုပ်ဆောင်များ၊ ဒါရိုက်တာများကိုနာမည်အတိအကျဖြင့် မည်သို့မည်ပုံ မူးယစ်ဆေးသုံးစွဲသည်ကို ထွက်ဆိုထားသည့်စစ်ချက်များပါရှိသည့်အတွက် အနုပညာလောကသားများသာမကမိသားစုဝင်များနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းကိုပါ ဂယက်ရိုက်ခတ်ခဲ့သည်။ မင်းသားဒွေးနှင့် အတူသုံးစွဲခဲ့သည်ဆိုသော ထွက်ဆိုချက်ကိုလည်း ပရိသတ်များ အထူးစိတ်ဝင်စားခဲ့ကြသည်။ ထိုသို့ပျံ့နှံ့ခဲ့ပြီးမကြာမီ ကာယကံရှင်ဖြစ်သော စိုးမြတ်သူဇာက ၎င်း၏ ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ်စာမျက်နှာမှ တစ်ဆင့် ငြင်းချက်ထုတ်ကာ နာမည်ပါဝင်ခဲ့သောအနုပညာရှင်များကိုတောင်းပန်ခဲ့သည်။ ထို့အတူနဝရတ်ကလည်းမီဒီယာအသီးသီးတွင် ဖြေဆိုခဲ့သော အင်တာဗျူးများမှ တစ်ဆင့် ငြင်းဆိုခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခင်က အနုပညာရှင်များ၏ မူးယစ်ဆေးဝါသုံးစွဲမှုမှာ ကောလာဟလအဆင့်တွင်သာ ပျောက်ကွယ်သွားတတ်ကာ ရေရာစွာရေးသားဖော်ပြပြီး သိခွင့်မရခဲ့ရာမှ ယခုစစ်ချက်မှတစ်ဆင့် ပေါ်ထွက်လာခဲ့ခြင်းကို ပရိသတ်များ အံ့အားသင့်ခဲ့ကြသည်။


အနုပညာများ ဖန်တီးရာတွင် စျာန်ဝင်စားမှုပိုအားကောင်းလာစေရန်၊ စိတ်ခံစားမှုများ ပိုကောင်းလာစေရန်ဟု အကြောင်းပြချက်များဖြင့် အနုပညာရှင်များအကြား မူးယစ်ဆေးဝါးသုံးစွဲနေကြသည်မှာ ကာလကြာမြင့်ပြီဖြစ်သော်လည်း ပေါ်ပေါ်ထင်ထင် အရေးယူခံရမှုများမရှိခဲ့ပေ။ အနုပညာလောကတွင် လောကသားအချင်းချင်း ဆေးဝယ်ပေးခြင်း၊ မူးယစ်ဆေးနှင့် စိတ်ကြွဆေးဝါးများကို လက်ဖက်၊ ချိုချဉ်တည်ခင်းသလိုမျိုး တည်ခင်းပြီး မူးယစ်ဆေးကို ကြားခံပစ္စည်းအဖြစ်အသုံးချကာ နာမည်ကြီးအနုပညာရှင်များ၏ ရိုက်ရက်ပေးရေးကြိုးပမ်းသည့် ထုတ်လုပ်ရေးများပင်ရှိလာသည်ဟု အနုပညာလောကတွင် ထဲထဲဝင်ဝင်ကျင်လည်နေသူများကပြောကြသည်။

7DAY NEWS
Vol.12, No.43 • JANUARY 1 , 2014

# ပထမဆုံးများ



မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ်အဖြစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဘရူနိုင်းနိုင်ငံထံမှ ၂၀၁၃အောက်တိုဘာ၁၀ရက်က လွှဲပြောင်းယူစဉ်။



ပုဂ္ဂလိကကို လွှဲပြောင်း၍ ဆောက်လုပ်ခွင့်ပြုသော ပထမဆုံးခုံးကျော်တံတားများအဖြစ် လှည်းတန်း၊ ဘုရင့်နောင်၊ ရွှေဂုံတိုင်ခုံးကျော်တံတားများကို ယခုနှစ်အတွင်း ဆက်တိုက်ဖွင့်လှစ်ခဲ့သည်။




နှစ်ပေါင်း၆၀ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့တို့ တစ်နေရာတည်း၊ တစ်ကြိမ်တည်းတွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုအဖြစ် အောက်တိုဘာ၄ရက်၊၅ရက်တို့တွင် မြစ်ကြီးနားမြို့ မဂ္ဂလာခန်းမ၌ တွေ့ဆုံခဲ့သည်။



သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အစိုးရအဆက်ဆက် ပထမဆုံးအကြိမ်အဖြစ် ပြင်ဆင်မှု အကောင်းဆုံးကို မဟာစင်၌ မြင်တွေ့ခဲ့ရသည်။



မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဘွဲ့ရအမျိုးသမီးများကို ဗိုလ်လောင်းအဖြစ် လျှောက်လွှာခေါ်ယူခဲ့သည်။



ကိုယ်ခံပညာရပ်ပေါင်းစုံ အသုံးပြုတိုက်ခိုက်သော အမ်အမ်အေပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့၌ ဩဂုတ်၃၁ရက်က ကျင်းပခဲ့သည်။




မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးဖိုရမ်ကို ဒီဇင်ဘာ၆ရက်မှ ၇ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။




(၂၂)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဇွန်လ၅ရက်မှ ၇ရက်အထိ နေပြည်တော်၌ ကျင်းပနေစဉ်။



ဂမ်လန်ရာဇီတောင်ထိပ်သို့မြန်မာ-အမေရိကန်ချစ်ကြည်ရေးတောင်တက်အဖွဲ့က ပထမဆုံးအဖြစ် စက်တင်ဘာ၇ရက်တွင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။



မြန်မာနိုင်ငံ၏ ပထမဆုံး အထူးစီးပွားရေးဇုန်ဖြစ်သော သီလဝါဇုန်၏ ပထမအဆင့်ကို ၂၀၁၃ နိုဝင်ဘာ၃၀ရက်က ဖွင့်လှစ်ခဲ့သည်။



လွှတ်တော်အတွင်း ပထမဆုံးကွယ်လွန်သူအဖြစ် မှတ်တမ်းဝင်သွားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း။

# ၂၀၁၃ အမှတ်တရ နေ့ရက်များ

**ဇန်နဝါရီ ၁၁ ။** ။ပြင်သစ်နိုင်ငံက မာလီနိုင်ငံမြောက်ပိုင်း ပဋိပက္ခတွင် ကြားဝင်ဖြေရှင်းသည်။ အန်ဆာဒိုင်းအုပ်စု အစ္စလာမ်မစ်စစ်သွေးကြွများကို နှိမ်နင်းမှုစတင်ခြင်းဖြစ်သည်။

**ဇန်နဝါရီ ၁၆-၂၀ ။** ။ အယ်လ်ဂျီးရီးယားနိုင်ငံ အင်အဲမီးနက်စ်မြို့အနီး သဘာဝဓာတ်ငွေ့စက်ရုံတွင် ဓားစာခံဖမ်းဆီးမှုအကျပ်အတည်းဖြစ်ပေါ် ခဲ့ရာ နိုင်ငံတကာဝန်ထမ်း ၃၉ ဦးနှင့် လုံခြုံရေးတစ်ဦး သေဆုံးသည်။

**ဖေဖော်ဝါရီ ၁၂ ။** ။မြောက်ကိုရီးယားနိုင်ငံက တတိယအကြိမ် မြေအောက်နျူကလီးယား စမ်းသပ်မှုပြုလုပ်ခဲ့ပြီး နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် ရှုတ်ချပြောဆိုမှုများနှင့် စီးပွားရေးပိတ်ဆို့မှု တင်းကျပ်မှုများပေါ် ထွက်လာသည်။

**ဖေဖော်ဝါရီ ၁၅ ။** ။ရုရှားနိုင်ငံ ချယ်ယာဘင့်စ်မြို့တွင်ဥက္ကာပျံခဲပေါက်ကွဲခဲ့ရာ လူပေါင်း ၁,၄၉၁ ဦး ထိခိုက်ဒဏ်ရာရပြီး အဆောက်အအုံပေါင်း ၄,၃၀၀ ပျက်စီးခဲ့သည်။ နှစ် ၁၀၀ အတွင်း ကမ္ဘာမြေသို့ အပြင်းထန်ဆုံး ဥက္ကာပျံဝင်ရောက်လာမှုဖြစ်သည်။

**ဖေဖော်ဝါရီ ၂၈ ။** ။ပုပ်ရဟန်းမင်းကြီး ဘင်နာဒစ်(၁၆)သည်အသက်အရွယ် ကြီးရင့်မှုကိုအကြောင်းပြု၍ ပုပ်ရဟန်းမင်းကြီးအဖြစ်ကို စွန့်လွှတ်သည်။ နှစ်ပေါင်း ၆၀၀ ခန့်အတွင်း ပထမဆုံး မိမိဆန္ဒအလျောက် ပုပ်ရဟန်းမင်းနေရာ စွန့်လွှတ်သူဖြစ်လာသည်။

**မတ်လ ၅ ။** ။ ဗင်နီဇွဲလားဆိုရှယ်လစ်ဝါဒီ သမ္မတဟူဂိုချားဗက်ဇ်ကင်ဆာဖြင့် တိုက်ပွဲဝင်ရင်း အသက်(၅၉)နှစ်အရွယ်တွင် ကွယ်လွန်သည်။

**မတ်လ ၁၃ ။** ။အာဂျင်တီးနားနိုင်ငံသား ဘုန်းတော်ကြီး ဂျော့ချ်မာရီယိုဘာဂိုဂလီယိုအား ၂၆၆ ဦးမြောက် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်သည်။ ဆင်းရဲသားများကိုကိုယ်စားပြုသော ဖရန်စစ်နာမည်ကို ခံယူသည်။ ကမ္ဘာ့တောင်ဘက်ခြမ်းနှင့် အမေရိကတိုက်မှ ပထမဆုံးပုပ်ရဟန်းမင်းကြီးဖြစ်လာသည်။

**မတ်လ ၂၄ ။** ။ဗဟိုအာဖရိကနိုင်ငံတွင် မွတ်ဆလင်သူပုန်အဖွဲ့များက မြို့တော်ဘန်ဂူးကို သိမ်းပိုက်လိုက်ပြီးနောက် သမ္မတဖရန်ဆွာဘိုဇီဇီ ကွန်ဂိုနိုင်ငံသို့ ထွက်ပြေးသည်။

**မတ်လ ၂၅ ။** ။ အီးယူက ဆိုက်ပရပ်စ်ကျွန်းနိုင်ငံ စီးပွားရေးကို ယူရို ၁၀ ဘီလီယံဖြင့် ကယ်တင်ရန် သဘောတူခဲ့သည်။

**မတ်လ ၂၇ ။** ။ကနေဒါနိုင်ငံသည် ကုလသမဂ္ဂသဲကန္တာရဖြစ်ပေါ် မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းမှ ပထမဆုံးနုတ်ထွက်သော နိုင်ငံဖြစ်လာသည်။

**မေ ၂ ။** ။ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံတကာသမားရိုးကျလက်နက်များ ကုန်သွယ်မှု စည်းကမ်းသတ်မှတ်ရေး လက်နက်ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်ကို အတည်ပြုသည်။

**မေ ၈ ။** ။ ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၇၉ မှ ၁၉၉၀အထိတာဝန်ထမ်းဆောင်ခဲ့သူ သံမဏိအမျိုးသမီးကြီး မာဂရက်သက်ချာ ကွယ်လွန်သည်။

**မေ ၁၅ ။** ။ အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့ မာရသွန်ပြိုင်ပွဲတွင် ဗုံးနှစ်လုံးပေါက်ကွဲခဲ့ပြီး သုံးဦးသေဆုံးကာ ၂၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။

**မေ ၂၄ ။** ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ ဆင်ခြေဖုံး ဆာဗာဒေသ၌ အထပ်ရှစ်ထပ်ရှိဂိုဒေါင်နှင့် အထည်ချုပ်စက်ရုံပြိုကျခဲ့ရာ လူ ၁,၁၂၉ ဦး သေဆုံးပြီး ၂,၅၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သမိုင်းတွင် တတိယအဆိုးရွားဆုံး စက်မှုလုပ်ငန်းဘေးဒုက္ခဖြစ်သည်။



HANDOUT/EPA



MIGUEL MEDINA /AFP



JAMES QUEST /AFP

**မေလ ၁၅ ။** ။အမေရိကန်နိုင်ငံ အိုရီဂွန်ကျန်းမာရေးနှင့် သိပ္ပံပညာ တက္ကသိုလ်မှ သုတေသီများက လူသားသန္ဓေသား ပင်မဆဲလ်များကို ပုံတူကူးနည်းပညာ (Cloning) ဖြင့် ဖန်တီးခဲ့ကြောင်း Nature သိပ္ပံဂျာနယ်တွင် တင်ပြခဲ့သည်။

**ဇွန်လ ၆ ။** ။ အမေရိကန်နိုင်ငံသား အက်ဒဝပ်စနိုးဒန်သည် အမေရိကန်အစိုးရက လူထုအပေါ် စောင့်ကြည့်ထောက်လှမ်းမှုအစီအစဉ်အကြောင်းကို ပုံနှိပ်သတင်းစာများအား အသိပေးပြောကြားပြီး နိုင်ငံမှထွက်ပြေးသွားခဲ့သည်။ နောက်ပိုင်းတွင် ၎င်းကို ရုရှားနိုင်ငံက ယာယီခိုလှုံခွင့်ပြုခဲ့သည်။

**ဇွန်လ ၇ ။** ။ပြင်သစ်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၈၁ မှ ၁၉၈၄ အထိတာဝန်ယူခဲ့သူ ပီယာမော်ရွိုင်း ကွယ်လွန်သည်။

**ဇွန်လ ၁၄-၂၀ ။** ။ အိန္ဒိယနိုင်ငံ ဥတရာကန်နှင့် ဟီမာချယ်ပရာဒက်ရှ် ပြည်နယ်တို့တွင် ရုတ်တရက်ရေကြီးမှု၊ မြေပြိုမှုများ ဖြစ်ပွားပြီး လူပေါင်း ၅,၇၀၀ သေဆုံးပြီး ၂၀,၀၀၀ ကျော် ပိတ်မိနေခဲ့သည်။

**ဇူလိုင် ၁ ။** ။ခရိုအေးရှားနိုင်ငံသည် အီးယူတွင် ၂၈ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

**ဇူလိုင် ၃ ။** ။ အီဂျစ်နိုင်ငံတွင် ကြီးမားသော လူထုကန့်ကွက်ဆန္ဒပြပွဲများအတွင်း စစ်ဘက်၏ အာဏာသိမ်းယူမှုဖြင့် သမ္မတမိုဟာမက်မော်စီကို ဖြုတ်ချခဲ့သည်။ သွေးထွက်သံယိုအကြမ်းဖက်မှုများ ကျယ်ပြန့်ခဲ့သည်။

**စက်တင်ဘာ ၂၁ ။** ။ ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီ ဝက်စ်ဂိတ်ဈေးဝယ်စင်တာကို အယ်လ်ရှာဘတ် အစ္စလာမ်မစ် စစ်သွေးကြွများက တိုက် ခိုက်ခဲ့ရာ အနည်းဆုံး အရပ်သား ၆၂ ဦး သေဆုံးပြီး ၁၇၀ ကျော် ထိခိုက် ဒဏ်ရာရသည်။

**အောက်တိုဘာ ၄ ။** ။ဗီယက်နမ်နိုင်ငံ၏ နာမည်ကျော် ဗိုလ်ချုပ်ကြီး ဗိုငုရင်ဂီယက် အသက်(၁၀၂)နှစ်တွင် ကွယ်လွန်သည်။

**အောက်တိုဘာ ၁၁ ။** ။ ဂျာမနီလျှို့ဝှက်ထောက်လှမ်းရေး ဗိုလ်ကြီးနှင့် စစ်ရာဇဝတ်ကောင် အဲရစ်ပရိုက်ဘ်ကီ အသက်(၁၀၀)တွင် ကွယ်လွန်သည်။

**နိုဝင်ဘာ ၈ ။** ။မှတ်တမ်းတင်ထားသမျှထဲတွင် အင်အားအပြင်းဆုံး အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်သော စူပါတိုင်ဖွန်းဟိုင်ယန် ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ ဝင်ရောက်ပြီး အနည်းဆုံး လူ ၅,၆၀၀ သေဆုံးခဲ့သည်။

**နိုဝင်ဘာ ၂၄ ။** ။ အီရန်နိုင်ငံက တားဆီးပိတ်ဆို့မှုများ ဖြေလျှော့ပေးပါက နျူကလီးယားထုတ်လုပ်ရေးအစီအစဉ်ကိုကန့်သတ်သွားရန် သဘောတူသည်။

**ဒီဇင်ဘာ ၅ ။** ။ အသားအရောင်ခွဲခြားမှုတိုက်ပွဲဝင်သူ၊ တောင်အာဖရိကနိုင်ငံ၏ ပထမဆုံးလူမည်းသမ္မတနှင့် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် နယ်လ်ဆင်မန်ဒဲလား အသက်(၉၆)နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

**ဒီဇင်ဘာ ၇ ။** ။ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ နဝမအကြိမ်မြောက် ဝန်ကြီးများကွန်ဖရင့်တွင် WTO အဖွဲ့ဝင်နိုင်ငံများက ကုန်သွယ်ရေးအတားအဆီးများလျှော့ချရေး ဘာလီသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

**ဒီဇင်ဘာ ၁၄ ။** ။တရုတ်အာကာသယာဉ် ချန်ဂီ-၃ သည် ယူတူစူးစမ်းလေ့လာရေးယာဉ်ကို သယ်ဆောင်၍ လမျက်နှာပြင်ပေါ် ဆင်းသက်ခဲ့သည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်း လပေါ် သို့ပထမဆုံးအကြိမ် စူးစမ်းရေးယာဉ် ရောက်ရှိခြင်းဖြစ်ပြီး တတိယမြောက်လပေါ် ရောက် စက်ရုပ်စူးစမ်းရေး ယာဉ်လည်းဖြစ်သည်။

*—Ref: Wikipedia*

---

စာမျက်နှာ ၉ မှ

## ၂၀၁၃ နိုင်ငံရေး ဇာတ်ခုံပေါ်မှအဓိကဇာတ်ဆောင်များ

ပြောလာတယ်။ ဒါသိပ်အရေးကြီးတဲ့ ပြောင်းလဲမှုတစ်ခုလို့ ပြောချင်တယ်”ဟု နိုင်ငံရေးစာရေးဆရာတစ်ဦးဖြစ်သည့် ဦးကျော်ဝင်းက ပြောသည်။

တပ်မတော်၊ လွှတ်တော်၊ အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက နိုင်ငံရေးအကွေ့အပြောင်းများကြား ၂၀၁၃ အတွင်း ပိုနေမြဲ ကျားနေမြဲ အခြေအနေဟုသာ ဆိုရမည်ဖြစ်သော်လည်း လာမည့် ရွေးကောက်ပွဲအတွက် နိုင်ငံရေးခေါင်းဆောင်များ၏ သမ္မတနေရာ အားပြိုင်မှုများနှင့် မဲဆွယ်လှုပ်ရှားမှုများကိုစတင်တွေ့မြင်လာရပြီဖြစ်သည်။

နောင်လာမည့် ရွေးကောက်ပွဲတွင် သမ္မတဖြစ်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်များကြား အားပြိုင်မှုများနှင့် ပတ်သက်ပြီး “အဲဒီလှုပ်ရှားပြင်ဆင်မှုတွေက ၂၀၁၄၊ ၂၀၁၅ မှာရှိတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ဆိုင်တဲ့ ကိစ္စတွေကို လာပြီးရိုက်ခတ်မယ်လို့ ကျွန်တော်တို့က သုံးသပ်တယ်” ဟု ဒေါက်တာမင်းဇော်ဦးက ပြောသည်။

အခြားတစ်ဖက်တွင် မူ ၂၀၁၂ ကတည်းက အခြေတည်ခဲ့သော သမ္မတ၏ အုပ်ချုပ်ရေးအဖွဲ့နှင့် ဥပဒေပြုရေးအဖွဲ့တို့ကြား သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေခဲ့ပြီး နိုင်ငံတော်သမ္မတကပင် လွှတ်တော်နှင့် အစိုးရကြား နိုင်ငံရေးပွတ်တိုက်မှုများ ရှိနေသည်ဟု မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလာသည်။

“ပွတ်တိုက်မှုတွေကတော့ ရှိနေတုန်းပဲ။ အရင်ထက်စာရင် အစိုးရအဖွဲ့နဲ့ လွှတ်တော်ကြားမှာ နည်းနည်းညှိညှိနှိုင်းနှိုင်းတော့ ရှိလာတယ်။ မနှစ်ကလောက်တော့ ပွတ်တိုက်မှုတွေ မရှိဘူး” ဟု ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောသည်။

သမ္မတဦးသိန်းစိန်၊ လွှတ်တော်နာယက သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား ဆက်ဆံရေးသည် နှစ်စပိုင်းတွင် ပုံမှန်ဆက်ဆံရေးသာ ရှိနေရာမှ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး အဆင်ပြေချောမွေ့စေရန်အတွက် တပ်မတော်အပါအဝင် သမ္မတ၊ လွှတ်တော်တို့နှင့် လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုလိုက်ခြင်းသည် ၂၀၁၃ ခုနှစ် မြန်မာ့နိုင်ငံရေးအတွက် နိုင်ငံရေးရေချိန်ကို အမြင့်ဆုံးဖြစ်စေခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံဆွေးနွေးရန် တောင်းဆိုခြင်းကို နိုင်ငံတော်သမ္မတရုံး၏ ငြင်းပယ်သည့် သဘောဆောင်သည့် တုံ့ပြန်မှုအပေါ်တွင် အစိုးရအဖွဲ့ကို ဝေဖန်မှုများ လျှံထွက်စေခဲ့သည်။သမ္မတကို ယုံကြည်သည်ဟုပြောခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကလည်း ၎င်း၏ လေးပွင့်ဆိုင်တွေ့ဆုံနိုင်ရန် မေတ္တာရပ်ခံချက်ကို တုံ့ပြန်ခဲ့သည့်အပေါ်တွင် သမ္မတဦးသိန်းစိန်ခေါင်းဆောင်ပြီး ဆောင်ရွက်နေသည်ဆိုသော ပြုပြင်ပြောင်းလဲရေးကို မေးခွန်းထုတ်ဝေဖန်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် ဒီမိုကရေစီအင်အားစုများအားလုံးက လေးပွင့်ဆိုင်တွေ့ဆုံနိုင်ရေးအတွက် အဆင်ပြေချောမွေ့စေလိုပြီး တွေ့ဆုံမှုမှ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမည့် သဘောတူညီချက် ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းကိုလည်း မျှော်လင့်နေကြသည်။

ရွေးကောက်ပွဲ ကျင်းပရန် တစ်နှစ်သာကျန်တော့မည့် ၂၀၁၄ တွင် နိုင်ငံရေးအင်အားစုများအကြား ပြိုင်ပွဲခပ်ကြမ်းကြမ်းများမြင်တွေ့ရဖွယ်ရှိနေသည်။

ပရိသတ်ဖြစ်သည့် ပြည်သူများကမူ နိုင်ငံအပြောင်းအလဲကာလအတွင်း မျှော်တလင့်လင့်ဖြင့်သာ လက်တွေ့ကျကျခံစားခွင့်နှင့် ဝေးနေဦးမည်သာဖြစ်သည်။

7DAY NEWS
Vol.12, No.43 • JANUARY 1 , 2014



# ၂၀၁၃ ခုနှစ်၏ ရာဇဝင်တွင်သော စကားများ

**“အီဂျစ်နိုင်ငံရဲ့ ကောင်းကျိုးအတွက် ကျွန်တော်အများကြီးလုပ်ပေးချင်ပါသေးတယ်”** (အီဂျစ်နိုင်ငံက ဆန္ဒပြသူတွေကိုတပ်ဖွဲ့တွေသုံးပြီး ဖြိုခွဲမယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အီဂျစ်သမ္မတမိုဟာမက်မော်စီ)

**“ကျွန်မကတော့ မိန်းကလေးတိုင်း၊ ကလေးတိုင်းကို ပညာတတ်စေချင်တာပါပဲ”**(ပါကစ္စတန်တွင် မိန်းကလေးများ ပညာသင်ကြားရေးကို လှုံ့ဆော်မှုဖြင့် တာလီဘန်သူပုန်များက ခေါင်းကိုသေနတ်ဖြင့် သေလုမြောပါးပစ်သတ်ခြင်းခံရသူ အသက်(၁၅)နှစ်အရွယ် ကျောင်းသူလေး မာလာလာ)

**“ကျွန်တော်အသက်(၃၄)နှစ်ရှိတဲ့ အမေရိကန်အမျိုးသား ဘတ်စကက်ဘော အသင်းဝင်တစ်ယောက်ပါ။ ကျွန်တော်ကလူမည်းပါ။ ပြီးတော့ လိင်တူဆက်ဆံသူတစ်ယောက်ပါ”**(ဂျွန်ဆင်ကောလင်းစ်အမေရိကန်အမျိုးသား ဘတ်စကက်ဘောအသင်းဝင်အဖြစ် ၁၂နှစ်ကြာ ကစားခဲ့သူ)

**“ကျွန်မက ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားဆုံးဖြတ်ခဲ့တာက ကျွန်မရဲ့ မိန်းမဆန်တာကိုတော့ လျှော့ချသွားမှာ မဟုတ်ဘူး”**(ရင်သားကင်ဆာရောဂါကြောင့် ရင်သားကို ဖြတ်တောက်ကုသခံရတဲ့ ရုပ်ရှင်မင်းသမီးအန်ဂျလီနာဂျိုလီ)

**“ကျွန်တော်ကတော့ဒီမှာပဲတဖြည်းဖြည်းသေမလား။ ဟိုမှာပဲ အမြန်သေမလားပဲ”**(ဟူစိန်အရစ်ဆီးယားနိုင်ငံတိုက်ခိုက်မှုများကြောင့် ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးလာသော ဆီးရီးယားစစ်ပြေးဒုက္ခသည်)

**“ကျွန်တော်တို့မှာ ဓာတုလက်နက်တွေရှိတယ်လို့ ကျွန်တော်တို့မပြောခဲ့သလို ကျွန်တော်တို့မှာ ဓာတုလက်နက်မရှိဘူးလို့လည်းကျွန်တော်တို့ကပြောခဲ့လို့လား”**(အမျိုးသားလုံခြုံရေးအေဂျင်စီက အချက်အလက်များပေါက်ကြားသွားသည့်အခါ အကျပ်အတည်းရင်ဆိုင်နေရသူ ဆီးရီးယားသမ္မတ အာဆတ်)

**“အကြာကြီး အီလေးဆွဲနေပြီးတဲ့နောက်မှာ သိပ္ပံပညာက အောင်ပွဲခံသွားတာပဲ”**(သမ္မတအိုဘားမား အစိုးရကကိုယ်ဝန်တားဆေးကိုဆရာဝန်ညွှန်ကြားချက်မပါဘဲဝယ်ယူခွင့်ပြုလိုက်သောအခါ ဝါရှင်တန်ပြည်နယ်လွှတ်တော်အမတ် ပက်တီမာရေးက ပြောကြားသည့်စကား)

**“သူက ကျွန်တော့်ထက်တော့ ဆံပင်ပိုများတယ်။ ဘုရားမတာပဲ”**(သူ၏ မွေးကင်းစသားငယ်လေးကသူ့ထက်ဆံပင်ပိုများနေသည်ကို ရည်ညွှန်းပြောသော ဝီလျံမင်းသား၏ စကား)

**“ကျွန်မကတော့ ငရဲမှာ ၁၁နှစ်လောက်ကျခဲ့တယ်။ အခုတော့ ရှင့်ရဲ့ ငရဲခန်းစပြီလို့သာမှတ်လိုက်တော့”**(အမေရိကန် အိုဟိုင်အိုးပြည်နယ် ကလီလန်မြို့တွင် အေရယ်ကစထရိုဆိုသူ၏ ၁၁နှစ်ကြာ အခြားအမျိုးသမီးနှစ်ဦးနှင့် အတူ ဖမ်းဆီးသားမသားပြုခြင်းကို ခံရပြီးလွတ်မြောက်လာခဲ့သူ မစ်ရှယ်လ်နိုက်ဆိုသူအမျိုးသမီးက အေရယ်ကစထရိုကိုပြောကြားသည့်စကား။ နောက်ပိုင်းတွင်အေရယ်ကစထရိုမှာ ထောင်ထဲတွင် သူ့ကိုယ်သူသတ်သေသွားသည်။)

**“ပြောတာတွေရပ်လိုက်ကြရအောင်။ သံခင်းတမန်ခင်းနဲ့ နိုင်ငံရေးအရ ဖြေရှင်းမှုတွေကိုပဲ ပြန်သွားကြရအောင်ပါ”**(အမေရိကန်သမ္မတအိုဘားမားကို ဆီးရီးယားကို ဗုံးမကြဲရန် တိုက်တွန်းသည့် ရုရှားသမ္မတ ဗလာဒီမာပူတင်၏စကား)

**“ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးအရ အရေးတယူလုပ်ရမှာကတော့ အီရန်ရဲ့ နျူကလီးယား အစီအစဉ်ဟာ ငြိမ်းချမ်းရေးအတွက်ဆိုတာကို သက်သေပြရမှာပဲ”**(အီရန်သမ္မတ ဟာဇန်ရိုနီ)

**“ဒါကတော့ ကျွန်တော်တစ်သက်တာမှာမြင်ဖူးသမျှ ရှက်စရာ အကောင်းဆုံးကိစ္စပဲ”** (အမေရိကန်အစိုးရအသုံးစရိတ် ပြဿနာကြောင့် အစိုးရရုံးတွေကို ပိတ်ထားသည့်အချိန်တွင် အာရီဇိုနာပြည်နယ် ရီပက်ဘလေကန်လွှတ်တော်အမတ်ဂျွန်မက်ကိန်းပြောကြားသည့်စကား)

**“ပထမဆုံးကျွန်မပြောချင်တာကတော့ ဒါကို ဒီထက်ပိုပြီး ချောချောမွေ့မွေ့ဖြစ်စေချင်တယ်”**(ကက်သလင်းဆက်ဘလီးယစ် အမေရိကန်ကျန်းမာရေးဌာနအကြီးအကဲက အိုဘားမား၏ ကျန်းမာရေးအစီအစဉ်က နည်းပညာချို့ယွင်းမှုများနှင့်ပတ်သက်ပြီး ပြောကြားသည့်စကား)

**“မုန်တိုင်းဘေးကလွတ်မြောက်လာကြသူတွေအားလုံးအတွက် အစာစားဖို့နဲ့ဆက်လက်ပြီးဘဝကို ရှေ့ဆက်သွားနိုင်ဖို့ ကျွန်မအကူအညီတောင်းရတာဖြစ်ပါတယ်”**(ဖိလစ်ပိုင်နိုင်ငံတွင် ဟိုင်ရန်မုန်တိုင်းသင့်ခဲ့သော မြို့မှ ဘယ်လင်ကူရီလာ၏ စကား)

**“လူသားတွေရဲ့လွတ်လပ်မှုအတွက် မမောနိုင်၊ မပန်းနိုင်သူရဲ့ကြိုးပမ်းမှုတွေအတွက် ကမ္ဘာကြီးက လေးစားမှုတွေကို သူရခဲ့တာပါ။ သူ့ရဲ့ရိုးသားမှု လူသားဆန်မှုစိတ်အားထက်သန်မှုကြောင့် ကမ္ဘာပေါ်ကလူတွေရဲ့ချစ်ခင်မှုကို ရခဲ့တာဖြစ်ပါတယ်”** (ဒီဇင်ဘာ ၅ ရက်နေ့တွင် ကွယ်လွန်သွားသော လူ့အခွင့်အရေးလှုပ်ရှားသူ ခေါင်းဆောင်နယ်လ်ဆင်မန်ဒဲလားအတွက် တောင်အာဖရိကသမ္မတဂျက်ကော့ဇူးမားက ပြောကြားသည့်စကား)

(Time မဂ္ဂဇင်းတွင် ဖော်ပြထားသော The Year in Quotes 2013)ကို ထားထားမြင့်မှ ဘာသာပြန်ဆိုသည်)

# ၂၀၁၃ ခုနှစ်အတွင်း

ကြည်နေဝင်းမင်း

## (၁) အမေရိကန်ကြားမဝင်ခဲ့သော ဆီးရီးယားပြည်တွင်းစစ်

ဩဂုတ် ၂၁ ရက်တွင် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်စ်မြို့ ဆင်ခြေဖုံးဒေသ၌ ဆာရင်အာရုံကြောအဆိပ်ဓာတ်ငွေ့ တိုက်ခိုက်မှုသတင်းများ ပေါ်ထွက်လာသည်။ လူပေါင်း တစ်သိန်းကျော်၏ အသက်ကို နုတ်ယူသွားပြီး မျိုးဆက်တစ်ခုအတွင်း အကြီးမားဆုံး အကျပ်အတည်းဖြစ်ပေါ်စေခဲ့သော ပြည်တွင်းစစ်၏ မြင်မကောင်း၊ ရှုမကောင်းပုံရိပ်များ။ အမျိုးသမီးများနှင့် ကလေးငယ်များ၊ အချို့မှာ တွန့်လိမ်ကောက်ကွေး၊ အချို့မှာ အသက်မဲ့လျက်၊ အများအားဖြင့် ၂ နှစ်ကြာ ပြည်တွင်းစစ်တွင် ဘေးထွက်ထိုင်နေခဲ့သော နိုင်ငံတကာအသိုင်းအဝိုင်းမှ အပြင်းထန်ဆုံး တုံ့ပြန်မှုများ ထွက်ပေါ်လာခဲ့သည်။

ယင်းနောက် လူပေါင်း ၁,၄၂၉ ဦး သေဆုံးခဲ့သော တိုက်ခိုက်မှုအတွက် ဆီးရီးယားနိုင်ငံ၏ ဓာတုလက်နက်တိုက်များကို ချေမှုန်းရေး လွှတ်တော်၏ ခွင့်ပြုချက်ရယူတော့မည်ဟု ကန်သမ္မတအိုဘားမား၏ ကြေညာချက်ထွက်ပေါ်လာသည်။ သို့သော် ယင်းစစ်ပွဲဖြစ်မလာခဲ့ပါ။ အမေရိကန်နိုင်ငံက တိုက်မည်တကဲကဲ လုပ်နေချိန်တွင် အာဆတ်၏အရင်းနှီးဆုံး မဟာမိတ်ရုရှားက ဓာတုလက်နက်များကို ကုလသမဂ္ဂ၏အစီအစဉ်အတိုင်း စွန့်လွှတ်ရန် အာဆတ်ကို နားချနိုင်ခဲ့သည်။ အာဆတ်အစိုးရက ဓာတုလက်နက်များ စွန့်လွှတ်ရန်သဘောတူခဲ့သည်။ ဆီးရီးယား ပြည်တွင်းစစ်မှာ အရှိန်ကောင်းနေဆဲ။ ဒုက္ခသည်များလည်း ဆီးရီးယားနိုင်ငံမှပေါ်ထွက်လာဆဲ။

## (၂) အီရန်နိုင်ငံ၏စာမျက်နှာသစ်

ဇွန်လတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသော အီရန်သမ္မတသစ်ဟတ်ဆန်ရိုဟာနီက ဂျူးလူမျိုးတို့၏ နှစ်သစ်ကူးတွင် ဂျူးလို နှစ်သစ်ကူးဆုမွန် ‘ရော့ရှ်ဟာရှာနာကောင်းချီးပေးပါစေ’ဟု ဆုတောင်းခြင်းမှာ မဟာဗျူဟာသစ် စမ်းသပ်ခြင်းဆိုသည်မှာ ထင်ရှားပါသည်။

လပေါင်းအနည်းငယ်အတွင်းမှာပင် ရိုဟာနီနှင့် ၎င်း၏ဝန်ကြီးအဖွဲ့မှာ ယခင်သမ္မတအာမက်ဒီနီဂျက် လက်ထက် လေကြီးမိုးကြီးပြောဆိုမှုများကြောင့် နိုင်ငံတကာ အပယ်ခံဖြစ်ခဲ့သော နိုင်ငံကို အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။ စက်တင်ဘာတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ နိုင်ငံတကာမီဒီယာများကို ညို့ယူဖမ်းစားခဲ့ပြီး အီရန်သမ္မတရိုဟာနီက အမေရိကန်သမ္မတအိုဘားမားကို သမိုင်းဝင်ဖုန်းခေါ်ဆိုခဲ့သည်။ များမကြာမီ နိုဝင်ဘာတွင် အမေရိကန်အပါအဝင် ကမ္ဘာ့အင်အားကြီးငါးနိုင်ငံနှင့် နျူကလီးယားအရေး ယာယီသဘောတူညီချက်ရယူခဲ့သည်။ နျူလုပ်ငန်းများ ရပ်ဆိုင်းထားရေးနှင့် ပိတ်ဆို့မှုလျှော့ပေါ့ရေး အပေးအယူလုပ်ခြင်းတို့ကို အစ္စရေးအပါအဝင် မယုံကြည်သူများလည်း အများအပြားပင်။ သို့သော် အီရန်ကို ချဉ်းကပ်မှုအသစ်စတင်ခြင်း ခေတ်သစ်နှင့်အတူ ဒေသတွင်း ရိုက်ခတ်မှုများ မလွဲမသွေရှိလာပါဦးမည်။

## (၃) အီဂျစ်တော်လှန်ရေး အဆုံးသတ်လား

ဇူလိုင် ၃ ရက်က ရုပ်မြင်သံကြားမှ နိုင်ငံသို့ ပြောကြားသော မိန့်ခွန်းတွင် အီဂျစ်စစ်ဘက်အကြီးအကဲ အဗ္ဗဒူဖာတာ အယ်လ်စီစီက ဒီမိုကရေစီစနစ်ဖြင့် ရွေးချယ်ထားသော မိုဟာမက်မော်စီကိုစစ်ဘက်က ဖယ်ရှားလိုက်ပြီဟု အီဂျစ်နိုင်ငံသားများအား ပြောကြားခဲ့သည်။ ယင်းကို အီဂျစ်နိုင်ငံသားသန်းပေါင်းများစွာက ကြိုဆိုခဲ့သည်။ မော်စီမှာ သူ့ရာထူးခိုင်မာရေး၊ သူ၏မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့သားများ အာဏာရရေးကို ဦးစားပေးခဲ့သည်ဟု ဝေဖန်ဆန္ဒပြသူများက ထောက်ခံခဲ့သည်။

သို့သော် မော်စီနှင့် မွတ်ဆလင်ဘရားသားဟုဒ်ထောက်ခံသူများနှင့် ၎င်းတို့ကို ဆန့်ကျင်သူများကြား တိုက်ခိုက်မှုများ၊ ထိပ်တိုက်တွေ့မှုများ ရှိလာသည်။ စစ်ဘက်ကျောထောက်နောက်ခံကြားဖြတ်အစိုးရက ဘရားသားဟုဒ်ခေါင်းဆောင်များကို နှိပ်ကွပ်သည်။ အခြေအနေတည်ငြိမ်လာသောအခါ အယ်လ်စီစီက လာမည့်နှစ်တွင် ရွေးကောက်ပွဲဝင်ရေး အလားအလာ လမ်းဖွင့်ထားသည်ဆိုသောအခါ အီဂျစ်တော်လှန်ရေးသမိုင်းဘီးတစ်ပတ်ပြန်လည်လာသည်လားဟု ဆိုရမလိုဖြစ်လာသည်။

## (၄) စနိုးဒန် ကမ္ဘာကြီးကို ကိုင်လှုပ်ခြင်း

အမေရိကန်အမျိုးသားလုံခြုံရေးကိုခရာမှုတ်သတိပေးသူအက်ဒဝပ်စနိုးဒန် ဖော်ထုတ်ခဲ့သောစာရွက်စာတမ်းတစ်ပုံတစ်ခေါင်းက ကမ္ဘာတစ်ဝန်းအမေရိကန်နိုင်ငံ၏ သူလျှိုလုပ်ငန်း အလှမ်းကျယ်မှုကို လှစ်ဟပြပြီး အမေရိကန်၏အကျိုးစီးပွားများ ထိခိုက်ခဲ့သည်။ စနိုးဒန်၏ လက်ချက်ကြောင့် မဟာမိတ် အန်ဂျလာမာကယ်လ်က ဖြေရှင်း

အချပ်ပို ၂၀ မှ

## တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၃ အတွက် အထင်ရှားဆုံးပုဂ္ဂိုလ်

### အက်ဒဝပ်စနိုးဒန်

အက်ဒဝပ်စနိုးဒန်သည်ယခုနှစ်အတွင်း အပြောင်မြောက်ဆုံး ပြန်ပေးဆွဲမှု လုပ်ဆောင်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ ပြည်နှင်ဒဏ်သင့်နေသူ ကွန်ပျူတာ ဝိဇ္ဇာမှာ သတင်းအချက်အလက်ခေတ်ကြီး၏ ကမ္ဘာ့ပျက်ရေး ဆုတောင်းသူဖြစ်သည်။

### အဲဒစ်သ်ဝင်ဆာ

အသက် ၉၀ နှစ်အတွင်း ရောက်လာချိန်အထိ မစ္စစ်ဝင်ဆာက တရားဥပဒေရေးရာ စွန့်စားမှု ခရီးရှည်ကြီးကို စတင်ခဲ့သည်။ ယင်းစွန့်စားမှုကြီးအတွက် အနိုင်ယူခြင်းထက် တိုက်ပွဲပင်မဖြစ်ရဲခဲ့။ သို့သော် ယခုအခါ သူမမှာ လိင်တူစုံမက်သူများ အခွင့်အရေး လှုပ်ရှားမှု မိခင်ကြီးဖြစ်သွားသည်။

### ဘာရှားအယ်လ်အာဆတ်

ဆရာဝန်မှ အာဏာရှင်ဖြစ်လာသူ အာဆက်က အာဏာကို ဆက်လက်ဆုပ်ကိုင်ထားသည်။ စွန်းထင်းပေကျံနေသော ပလ္လင်ပေါ်ထိုင်နေဆဲ။ ဆီးရီးယားနိုင်ငံ ပြိုကွဲသွားသည်နှင့်အမျှ နောက်ထပ်မျိုးဆက်တစ်ဆက်စာ လှိုင်းထန်မှုများက စောင့်ကြိုနေသည်။

### တက်ဒ်ခရုဇ်

တက္ကဆက်ပြည်နယ်မှ လူသစ်တန်း အထက်လွှတ်တော်အမတ်က သမ္မတအိုဘားမား၏ အမှတ်အသားပေါ်လစီအတွက် အစိုးရကို ရပ်တန့်ရေး လုပ်ဆောင်ခဲ့သည်။ သူ့ကို ချစ်ချင်ချစ်ပါ၊ မုန်းချင်မုန်းပါ။ အနာဂတ် တောက်ပရေးလှမ်းမျှော်ကြည့်သူဖြစ်သည်။

# ကမ္ဘာကြီးကို လှုပ်ခတ်ခဲ့သော အဖြစ်အပျက်များ




ROBERTO SCHMIDT/AFP

ချက်တောင်းခြင်းမှသည် ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်က နိုင်ငံတော်အလည်အပတ်ခရီး ဖျက်သိမ်းမှုအထိ ဖြစ်ခဲ့သည်။ ပဲ့တင်ရိုက်ခတ်မှုများမှာ ထောက်လှမ်းရေးအသိုင်းအဝိုင်းသာမက နည်းပညာနယ်ပယ်အထိ ကျယ်ပြန့်သွားသည်။ ကမ္ဘာတစ်ဝန်းအမေရိကန်မှ မဟုတ်သော ထုတ်ကုန်များ ရှာဖွေလာကြသည်။ အဆိုးဆုံးမှာ အမေရိကန်၏ စစ်အေးခေတ် ပြိုင်ဘက်ရုရှားနိုင်ငံတွင် စနိုးဒန် ခိုလှုံခွင့်ရနေခြင်းဖြစ်သည်။

## (၅) တိုးတက်သည့်အမြင်ရှိသော ပုပ်ရဟန်းမင်းကြီး ဖရန့်စစ်

မတ်လ ၁၃ ရက်တွင် မီးခိုးဖြူများ လွင့်ပျံတက်လာပြီး ပုပ်ရဟန်းမင်းကြီးအသစ်ကို ကြေညာသည်။ ခေတ်ဟောင်းတစ်ခုကုန်ဆုံးပြီး ဗာတီကန်တွင် ခေတ်သစ်စတင်သည်။ ယင်းမတိုင်မီ တစ်လက ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်က အသက်အရွယ်ကြီးရင့်လာ၍ ပုပ်ရဟန်းမင်းကြီးနေရာ စွန့်လွှတ်ကြောင်း ကြေညာခဲ့ရာ နှစ်ပေါင်း ၆၀၀ အတွင်း မိမိဆန္ဒအလျောက်သာသနာပိုင်နေရာ ပထမဆုံးစွန့်လွှတ်သူအဖြစ် သမိုင်းတွင်ခဲ့သည်။

အာဂျင်တီးနားနိုင်ငံသား ဘုန်းတော်ကြီးဂျော့ချ်ဘာဂိုဂလီယိုအား ရိုမန်ကက်သလစ်သာသနာပိုင် ခန့်အပ်သည်။ ပုပ်ရဟန်းမင်းကြီးသစ်က အစကတည်းက ပင်ပြုပြင်ပြောင်းလဲရေးသမားအဖြစ် ပုံဖော်ပြီး ဆင်းရဲသားများကို ကိုယ်စားပြုသော ဖရန့်စစ်ဟူသော အမည်ကိုရွေးသည်။ အဆောင်အယောင်များကိုပင် ရိုးရှင်းစွာပြုပြင်သော ပုပ်ရဟန်းမင်းကြီးလက်ထက်တွင် ဘာသာဝင်များ ကျောင်းတော်နှင့် ပို၍နီးစပ်လာပြီး အသက်ဝင်လာခဲ့သည်။ တိုင်းမ်စ်မဂ္ဂဇင်းက တစ်နှစ်တာ အထင်ရှားဆုံးပုဂ္ဂိုလ်ဟု ကင်ပွန်းတပ်သည်။

## (၆) အာဖရိကအကြမ်းဖက်ကွင်းဆက်များ

ဇန်နဝါရီတွင် ပြင်သစ်နိုင်ငံက မာလီတွင်ကြားဝင်၍ ရှေ့သို့ချီလာသော အစ္စလာမ်မစ်တပ်ဖွဲ့များကို တွန်းလှန်သည်။ ခွဲထွက်ရေးအဖွဲ့ကို အချိန်တိုတောင်းသော နှိပ်ကွပ်မှုဟု ထင်မှတ်ခဲ့သော်လည်း နှစ်ပေါက်အောင် ကိုင်တွယ်နေရသည်။ ၂၀၁၃ ခုနှစ်မှာ အာဖရိကတွင် အစွန်းရောက်များ သွေးထိုးသော အစ္စလာမ်မစ်ထကြွမှုများ မြင့်တက်လာသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ဘိုကိုဟာရမ်အဖွဲ့က အစိုးရကို စိန်ခေါ်နေသည်။ နိုင်ရိုဘီမြို့တွင် အယ်လ်ရှာဘတ်အဖွဲ့က လူ ၆၈ ဦး သေဆုံးခဲ့သော ရှော့ပင်းမောလ်သိမ်းပိုက်မှုကို ဖန်တီးသည်။ အမေရိကန်နိုင်ငံက နိုင်ဂျာနိုင်ငံတွင် မောင်းသူမဲ့လေယာဉ် စခန်းတည်၍ ဆိုမာလီယာနှင့် လစ်ဗျားတွင် အထူးစစ်ဆင်ရေးများလုပ်သည်။ ဗဟိုအာဖရိကနိုင်ငံတွင် မွတ်ဆလင်တိုက်ခိုက်ရေးသမားများက လူမျိုးတုံးသတ်ဖြတ်ရန် ခြိမ်းခြောက်နေသည်ဟုပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

## (၇) အငြင်းပွားကျွန်းစုများကြောင့် တင်းမာလာသောတရုတ်ရေတပ်

အားယူနေသော စူပါပါဝါအဖြစ် တရုတ်နိုင်ငံ ပေါ်ထွက်လာခြင်း အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုတွင် အိမ်နီးချင်းနိုင်ငံများနှင့် သင့်မြတ်စွာနေထိုင်နိုင်သော စွမ်းရည်လည်းပါဝင်သည်။ ထင်သာမြင်သာအရှိဆုံး စမ်းသပ်မှုတစ်ခုမှာ တရုတ်ပြည်မကြီးအနီး ရေပြင်အငြင်းပွားမှုဖြစ်သည်။ တောင်တရုတ်ပင်လယ်နှင့် တရုတ်အရှေ့ပင်လယ်တွင် ကျွန်းစုများအငြင်းပွားမှု ဆက်လက်ဖြစ်ပေါ်နေခြင်းက ဒေသတွင်း ပဋိပက္ခအဖြစ် ပေါက်ကွဲထွက်ရန် ခြိမ်းခြောက်နေသည်။

## (၈) စူပါတိုင်ဖွန်းဟိုင်ယန်

နှစ်စဉ်နှစ်တိုင်းလိုလို မုန်တိုင်းများဒဏ် ခံစားခဲ့ရသော ဖိလစ်ပိုင်နိုင်ငံတွင် နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံး လူအသေအပျောက်အများဆုံးမုန်တိုင်းကြောင့် ပေပေါင်း ၂၀ အထိ မြင့်တက်သော လှိုင်းလုံးများဖြစ်ပေါ်ခဲ့သည်။ လေတိုက်နှုန်းအမြင့်ဆုံး တစ်နာရီ မိုင် ၁၇၀ အထိ ရောက်ရှိခဲ့သည်။ လူပေါင်းရှစ်သိန်းကို ပြောင်းရွှေ့ထားခြင်းအပါအဝင် ပြင်ဆင်မှုများက လူ ၅,၀၀၀ သေဆုံးခြင်းကို မတားဆီးနိုင်ခဲ့။ ကမ်းခြေရှိ တက်ခ်လိုဘန်မြို့ ပြားပြားဝပ်သွားကာ လူပေါင်းနှစ်သန်း အိုးမဲ့အိမ်မဲ့ကျန်ခဲ့သည်။ ပျက်စီးမှုမှာ သန်းပေါင်းထောင်ပေါင်းများစွာ။ စူပါပါဝါအင်အားကြီးဖြစ်ရန် အရှိန်ယူနေသော နိုင်ငံကြီးတစ်နိုင်ငံ၏ ကနဦးအကူအညီမှာ ဒေါ်လာ တစ်သိန်း။ အမေရိကန်က ပထဝီဝင် နိုင်ငံရေးလုပ်ရန် လေယာဉ်တင်သင်္ဘောပါ စေလွှတ်ခဲ့သည်။

## (၉) ရာစုနှစ်၏အလင်းရောင် ပျောက်ကွယ်သွားခြင်း

လွတ်လပ်ရေးတိုက်ပွဲဝင်သူ၊ အကျဉ်းသား၊ စာရိတ္တသံလိုက်အိမ်မြှောင်၊ လူမျိုးရေးနှင့် အသားအရောင် ခွဲခြားမှုတိုက်ဖျက်ရေးပြယုဂ်၊ တောင်အာဖရိကသမ္မတဟောင်း၊ ကမ္ဘာ့လူသန်းပေါင်းများစွာ၏ ရှေ့ဆောင်လမ်းပြအလင်းရောင် နယ်လ်ဆင်မန်ဒဲလားသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်းနက်စ်ဘာ့ဂ်မြို့၌ ကွယ်လွန်ခဲ့သည်။ မီးစာကုန် ဆီခန်း လူ့ဘဝ သက်တမ်း ပြည့်နေခဲ့ရသည်ဟု ဆိုနိုင်သော်လည်း တစ်ဦးတည်းအကျဉ်းစံ နှစ်ပေါင်း ၂၀ နီးပါး နေခဲ့ရပြီး စုစုပေါင်း ၂၇ နှစ် ထောင်နန်းစံခဲ့ရသော်လည်း အာဃာတကို ချေဖျက်နိုင်သူ သူတော်စင်တစ်ဦး ကွယ်လွန်ခြင်းမှနေ၍ သူ၏မြင့်မားသော စံနှုန်းများကို လိုက်နာရေး သတိပေးနေသည်။

## (၁၀) မြောက်ကိုရီးယား ထိပ်သီးခေါင်းဆောင် ကွပ်မျက်ခံရခြင်း


မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ဦးလေးတော်စပ်သူ ချန်ဆွန်သက်မှာ တစ်ချိန်က နိုင်ငံတွင် ဩဇာကြီးသောတူဖြစ်သူထိပ်တန်းခေါင်းဆောင်တစ်ဦးကို လမ်းညွှန်ပြသခဲ့သူဟု ရှုမြင်ခံရသူဖြစ်သော်လည်း နိုင်ငံအပေါ် သစ္စာဖောက်မှု၊ အစိုးရကို ဖြုတ်ချရန် ကြိုးပမ်းမှုများနှင့် အခြားစွပ်စွဲချက်များဖြင့် အမှုစစ်ဆေးရုံးတင်ခံရပြီး ကွပ်မျက်ခံရသည်။ ကင်ဂျုံအန် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာပြီး ၂ နှစ်အတွင်း အကြီးမားဆုံး နိုင်ငံရေးလှုပ်ခတ်မှုအဖြစ် ကမ္ဘာကြီးကို မှင်တက်စေခဲ့သော အဖြစ်အပျက်အဖြစ် မှတ်တမ်းဝင်သွားသည်။

# တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၃ အတွက် အထင်ရှားဆုံးပုဂ္ဂိုလ်

ခင်မေဇော်(ဝါရှင်တန်ဒီစီ)၊
ရဲမင်း


## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်











နှစ်ပေါင်း ၁,၂၀၀ အတွင်း ဥရောပသားမဟုတ်သူတစ်ဦး ပုပ်ရဟန်းမင်းကြီးအရိုက်အရာကို ပထမဆုံးဆက်ခံခဲ့သည်။ သူကတော့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ပင်ဖြစ်သည်။

အာဂျင်တီးနား မြို့တော်ဗျူနိုအေရီစ်မြို့အစွန်တွင် ပါစာဂျေစီအမည်ရှိ လမ်းလေးတစ်ခုရှိသည်။ ထိုလမ်းသည် ခြောက်သွေ့နေသော၊ ရွှံ့များပေကျံနေသော၊ အမှိုက်များဖြင့် ပြည့်နှက်နေသော ကျူးကျော်ရပ်ကွက်မာရီယာနိုအာကော်စတာကို ဦးတည်၍နေသည်။ လမ်းအဆုံးတွင် ဘုရားကျောင်းတစ်ကျောင်းရှိသည်။ တစ်ကြိမ်တစ်ခါက မူးယစ်ဆေးဂိုဏ်းသားအချင်းချင်းပစ်ခတ်နေချိန်တွင် ထိုဒေသက ဘုန်းတော်ကြီးနှင့် ကြောက်ရွံ့နေကြသော ဒေသခံများ ခိုလှုံခဲ့ကြရသော နေရာလည်းဖြစ်သည်။ ဘုရားကျောင်းနောက်ဘက်ကို ကျော်လိုက်လျှင် ပါစာဂျေစီလမ်းကြားလေးက ပို၍ခြောက်သွေ့သောရွှံ့များ၊ ကွဲအက်နေသော ကွန်ကရစ်လမ်းသွယ်များအကြားပျောက်ကွယ်သွားတော့သည်။ ခွေးအုပ်ကြီးက ကားပျက်များအောက်တွင် ခိုကပ်နေကြသည်။ ကလေးများက ကားလမ်းပေါ်တွင်ဘေးဘီမကြည့်ဘဲ ဥဒဟိုသွားလာနေကြသည်။ ဘာကိုမှလည်း ပူပန်ပုံမရ။ မည်သည့်ကားများကမှလည်း ဤမျှဆိုးရွားသည့် လမ်းများပေါ်အရှိန်ပြင်းပြင်း မောင်း၍လည်း မရနိုင်သောကြောင့် ဖြစ်သည်။ သို့သော် ဤပါစာဂျေစီ လမ်းလေးကပင်လျှင် ရောမမြို့ကို သွားရောက်နိုင်ပေသည်။

လူဦးရေ ၁၃ သန်းကျော်ရှိသည့် ဗျူနိုအေရီစ်မြို့၏ ဘုန်းတော်ကြီးဖြစ်ခဲ့သူ ဂျော့မာရီယိုဘာဂိုလီယိုက သူ၏ နှစ်စဉ်ခရီးစဉ်များတွင် သည်နေရာလေးကို ထည့်သွင်းခဲ့သည်။ မြို့တော်၏ အထင်ကရဘုရားကျောင်းကြီးဆီမှနေ၍ အနီးဆုံးရထားဘူတာကို ဘုန်းတော်ကြီးက လမ်းလျှောက်ပြီးသွားလေ့ရှိသည်။ တစ်ပါးတည်း ခရီးသွားတတ်သည့် ဘုန်းတော်ကြီးသည် ရထားလမ်းမရောက်သည့် မြို့စွန်မြို့ဖျားများကို ရောင်စုံမှုတ်ဆေးများ ပြည့်နှက်နေသော လိုင်းကားဖြင့် သွားရောက်ပြီး မာရီယာနိုအာကောစ်တာကိုခရီးဆက်ပါသည်။ သူ့ခရီးကို ပါစာဂျေစီလမ်းတစ်လျှောက် ခြေလျင်သွားရောက်ရင်း အဆုံးသတ်တတ်သည်။ ထိုနေရာတွင် သူ၏ ဖြေသိမ့်အားပေးမှုကို လိုအပ်သူများစွာရှိသည်။ အချို့နေ့များတွင်မူ မြို့တစ်ဖက်ခြမ်းက သူ့ကိုလိုအပ်နေသော အခြားသူများထံသို့လည်း သွားရောက်ပြန်သည်။ ထို နေရာမှာမူ ဘုန်းတော်ကြီးက လာရောက်ကောင်းချီးပေးရန် လိုအပ်နေသော ဆင်းရဲမွဲတေနေသူများမဟုတ်ကြပါ။ သို့သော် သူကတော့ မပျက်မကွက်သွားရောက်ကောင်းချီးပေးနေသည်။ တွေ့သူတိုင်းကို ပြောလေ့ရှိသည့် စကားတစ်ခွန်းရှိသည်။ ကျွန်ုပ်အတွက် ဆုတောင်းပေးပါ။

၂၀၁၃ ခုနှစ်မတ်လ ၁၃ ရက်တွင် ဘုန်းတော်ကြီး ဂျော့မာရီယိုဘာဂိုလီယိုကို ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်လိုက်သည်။ အမေရိကတိုက်က ပထမဆုံးပုပ်ရဟန်းမင်းကြီးလည်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးအဖြစ် ဘိသိက်ခံရာတွင် ဖရန်စစ်အမည်ရှိ အညတရသူတော်စဉ်၏ အမည်ကို သူခံယူခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဗာတီကန်မြို့တော်တွင် တာဝန်ယူချိန်ကစပြီး ကမ္ဘာအရပ်ရပ်တွင် ပြန်လည်ရင်ကြားစေ့နိုင်ဖွယ်မရှိဟု ယူဆရသော၊ ဖြည့်ဆည်းပေးနိုင်မည်ဟု မထင်ရသော အရာများအတွက် မျှော်လင့်ချက်များ စတင်ပေါ်ထွန်းလာသည်။ ဘုရားကျောင်းအပေါ် မျှော်လင့်ချက်များကုန်ဆုံးခဲ့သည့် သန်းနှင့်ချီနေသည့် သူများ၏ မျှော်လင့်ချက်များသည် ပုပ်ရဟန်းမင်းကြီးကြောင့် ပြန်လည်နိုးထလာခဲ့သည်။ ကက်သလစ်ကျောင်းအတွင်း နာမည်ပျက်များ၊ တင်းမာမှုများ၊ အငြင်းပွားမှုများကို သူက လျစ်လျူရှုမထားပါ။ သို့သော် အရေးတကြီး လိုအပ်နေသောအရာသည် လူသားတို့ကို ကာကွယ်ကုစားရန်ဖြစ်ကြောင်း မမှိတ်မသုန် လက်ခံထားသလို ရှုတ်ချစရာကို တစ်ကြိမ်ပြောလျှင် ကောင်းချီးပေးခြင်းကို အကြိမ်ပေါင်းများစွာ ပြောရမည်ဆိုသည့် အချက်ကို ယုံကြည်ကျင့်သုံးခဲ့သည်။

သူ့အရင်ဘာသာရေးဆိုင်ရာ ပါမောက္ခပုပ်ရဟန်းမင်းကြီးများလိုမဟုတ်ဘဲ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် သန့်ရှင်းရေးအလုပ်သမား၊ နိုက်ကလပ်လုံခြုံရေးအစောင့်၊ ဓာတုစက်ပြင်သမားနှင့် စာပေဆိုင်ရာ ကျောင်းဆရာစသဖြင့် လုပ်ကိုင်ခဲ့သူဖြစ်သည်။ သူ၏ တစ်ရာစုနှစ်ကရုံးကို ၂၁ ရာစု၏ ကိရိယာများဖြင့် အသုံးချလုပ်ဆောင်ခဲ့သည်။ တရားခံအမျိုးသမီးတစ်ဦး၏ ခြေထောက်ကို ဆေးပေးနေသော၊ ဗာတီကန်နန်းတော်ကို လာလည်သော လူငယ်များဖြင့် တွဲဖက်ရိုက်ကူးထားသော၊ မျက်နှာပုံပန်းပျက်နေသောလူတစ်ဦးကို ပွေ့ဖက်နေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဓာတ်ပုံများသည် လူအများကြား ပေါ်ထွက်လာသည်။

ဘာသာရေး ကျောင်းများတွင် အငြင်းပွားနေသော အကြောင်းအရာများနှင့်ပတ်သက်ပြီး သူက အငြင်းအခုံကိုလျှော့ပြီး အလုပ်ဖြစ်အောင် ပိုလုပ်ပါ။ အသေးအဖွဲ့တွေနဲ့ပတ်သက်ပြီးငြင်းခုံနေတာကိုရပ်ပြီး အလုပ်လုပ်ဖို့ အင်္ကျီလက်မောင်းတွေကိုပင့်တင်လိုက်ရအောင်။ ပြီးပြည့်စုံတဲ့အကောင်းဆုံးကို လိုလားခြင်းက ကောင်းမွန်မှုရဲ့ ရန်သူမဖြစ်ပါစေနဲ့ဟူသည့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ စကားများက ဩဇာတိက္ကမကြီးလှသည့် ပုပ်ရဟန်းမင်း ရုံးတော်မှနေ၍ ပြည်သူများအတွက် အရေးကြီးသောစကားများဖြစ်ခဲ့သည်။

ရိုးရာပုပ်ရဟန်းမင်း၏ အဆောင်အယောင်များကို လျှော့ချကာ ရိုးရိုးရှင်းရှင်းနေထိုင်ခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ဗာတီကန်နန်းတော်၏ ဘဏ္ဍာရေးစာရင်းကို ထုတ်ပြန်ခဲ့သည်။ တင်းကျပ်သော ကက်သလစ်စည်းမျဉ်းများကြားမှ ဖခင်က မလိုလားခဲ့ဘဲ အိမ်ထောင်ကွဲမိခင်က မွေးဖွားခဲ့သည့် ကလေးကို ပုပ်ရဟန်းမင်းကြီးက နှစ်ခြင်းခံပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ မိဘမစုံလင်ဘဲ မွေးဖွားလာသည့် ကလေးများကို နှစ်ခြင်းခံပေးရန် ငြင်းဆိုခဲ့သည့် ဘုန်းတော်ကြီးများကို ပုပ်ရဟန်းမင်းကြီးက အပြစ်တင်ခဲ့သည်။ ဘုရားကျောင်း၏ အခွင့်အရေးနှင့် မှန်ကန်မှုများကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်မှုများက လူများ၏ ဝေဒနာကို ကုစားခြင်းထက် နာကျင်မှုကို ပိုဖြစ်စေကြောင်းလည်း ပုပ်ရဟန်းမင်းကြီးက အသိအမှတ်ပြုခဲ့သည်။ ယဉ်ကျေးမှုကို ထိန်းသိမ်းရေးအတွက် တိုက်ပွဲဝင်ရန် စိတ်မဝင်စားသည့်အပေါ် မေးခွန်းကို ပုပ်ရဟန်းမင်းကြီးဖရန်စစ်က စစ်ပွဲတစ်ခုနှင့်ယှဉ်ပြီး ဖြေကြားသွားခဲ့သည်။ "သွေးရဲသံရဲဖြစ်နေတဲ့သူတစ်ယောက်ကို မင်းရဲ့သွေးထဲကဆီဓာတ် ဘယ်လောက်မြင့်သလဲလို့ မမေးရဘူးလေ"

ဘာသာရေးအငြင်းအခုံများအစား အရေးပေါ်အကူအညီလိုအပ်နေသော ဆင်းရဲသားများကူညီရေးကို ဦးစားပေးလုပ်ဆောင်နေသော ဘာသာရေးခေါင်းဆောင်တစ်ဦး၏ ဦးဆောင်မှုသည် ကမ္ဘာ့လူထုအကြား ပြောင်းလဲမှုများကို ဖြစ်စေသည်ကတော့ အမှန်ပင်ဖြစ်သည်။

တိုင်းမ်မဂ္ဂဇင်း၏ ၂၀၁၃ အတွက် ပုဂ္ဂိုလ်အဖြစ်ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍ အယ်ဒီတာဖြစ်သူ နန်စီဂိဘ်က မေတ္တာကို အဓိကထားသော ကက်သလစ်ဘာသာရေးခေါင်းဆောင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် အသိတရားကို ဟောကြားပေးသည့် အသံသစ်တစ်ခုဖြစ်လာသည်ဟု ဆိုသည်။

အချိန်တိုတိုအတွင်းမှာပင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ကမ္ဘာ့အကြီးမားဆုံး ဘာသာရေးကျောင်းတွင် အလိုအပ်ဆုံးသူများအတွက် ဖြည့်ဆည်းပေးရန်နှင့် သနားကရုဏာနှင့် ဆင်ခြင်တုံတရားတို့ကို ညီမျှအောင်ကျင့်သုံးရန်အတွက် လူများစွာကို ဆွဲဆောင်နိုင်ခဲ့သူဖြစ်သည်။ ၂၀၁၃ ခုနှစ် တိုင်းမ်မဂ္ဂဇင်း၏ အထင်ကရပုဂ္ဂိုလ်ပင်ဖြစ်ပါသည်ဟု နန်စီဗိဘ်က ရှင်းလင်းသွားခဲ့သည်။

အချပ်ပို ၁၈ »